
ဒေါ်အုန်းကြည်သား
( ရှာဖွေစုဆောင်းတင်ပြသည် )
ဆင်ဒိုးမလေး
နှင့်
အင်္ဂလိပ်မြန်မာတတိယစစ်ပွဲ
ရွှေပဒေသာစာပေ
ရွှေပဒေသာစာအုပ်အမှတ်( ၁

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်<br>မတ်လ၊ ၂၀၁၄ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>အမှတ် (၃၃)၊ ကျီတော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ် (၃၃)၊ ကျီတော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၃၀၀ ကျပ် |
| အုပ်ရေ | - | ၂၀၀၀ အုပ် |

၈၉၅.၈၃

ဒေါ်အုန်းကြည်သား

ဆင်နိုးမလေး နှင့် အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ / ဒေါ်အုန်းကြည်သား - ရန်ကုန်
ရွှေပဒေသာစာပေ ၊ ၂၀၁၄ ။

၁၂၈ - စာ၊ ၁၂ × ၁၈ စင်တီ။

(၁) ဆင်နိုးမလေး နှင့် အင်္ဂလိပ် - မြန်မာတတိယစစ်ပွဲ

# မာတိကာ


၁။ မြန်မာ့ကျွန်းသစ်

၂။ ဆင်နီးမလေး

၃။ တစ်မိပေါက်တစ်ယောက်ထွန်း

၄။ ဇာတိမြေကို စွန့်ခွာခြင်း

၅။ ရနောင်မင်းသား နှင့် ဆင်နီးမလေး

၆။ စားသွားပေါ်ကအချစ်

၇။ ဆင်နီးရဲ့ဆေး

၈။ ရနောင်မင်းသားဇာတ်နောက်ဆုံးနေ့များ

၉။ ဆင်နီးမလေးနှင့် ယိုးဒယားအက

၁၀။ လင်ကြီးနှင့်ပြန်ပေါင်းပြီ

၁၁။ အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ ဘာကြောင့် ဖြစ်ရတာလဲ

၁၂။ ကုလားအုတ်

၁၃။ ဦးကောင်းလိမ်ထုတ် မင်းဆက်ပြတ်

၁၄။ ကင်းဝန်မင်းကြီးဦးကောင်း

၁၅။ ကင်းဝန်မင်းကြီးကို ဘာကြောင့် အပြစ်မြင်ကြတာလဲ

၁၆။ သမိုင်းမှတ်တိုင်

၁၇။ ငှချင်ရဲ့လက်တို့

၁၈။ သိပေါ်မြို့စား

၁၉။ သာယာဝတီ ချိုင်းကလေး

၂၀။ သီပေါမင်း၏မိဖုရားများ

၂၁။ ရာထူးမှ နုတ်ပယ်ခြင်းခံရသည့် ခန်းပတ်မင်းကြီး (မြန်မာ ၁၁၈၂-၁၂၅၈)

၂၂။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲတွင် ဖမ်းဆီးခြင်းခံရသော ပန်းချီဆရာ

၂၃။ ကင်းဝန်နှင့် တိုင်းတာတို့၏ အားပြိုင်ပွဲ

၂၄။ စုဖုရားလတ်၏သမီးတော် သုဖုန်းမင်းသမီး

၂၅။ သစ်ကိုအကြောင်းပြုသောစစ်ပွဲ

၂၆။ တစ်ပင်လဲလို့ တစ်ပင်ထူ

၂၇။ ရတနာ့ဂီရိစံ အရှင်နှစ်ပါးက မြောက်စားခြင်း

၂၈။ ဒေါင်းရွက်ရေးသည်

၂၉။ ဆင်ဒိုးမရှိချင်း

၃၀။ မီးစာကုန်ဆီခန်း

၃၁။ ကျွန်းကိုးစာရင်း

ဘုရား၊ တရား၊ သံဃာနှင့်
အဖေ ဦးသိန်းလွင်
အမေ ဒေါ်အုန်းကြည်
ဆရာ ဘဆရာကြီးမင်းသိမ်တို့အား
ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

ဒေါ်အုန်းကြည်သား

♬ ×××တို့အရှင် တို့သခင်ကို ××× မျှော်မှန်းရည်
ယနေ့တိုင် ××× မမေ့နိုင်ပါတော့သည် ××× ♬

စိန်ပါဝီဆိုသီချင်း

# မြန်မာ့ကျွန်းသစ်

မြန်မာနိုင်ငံသည် ဟိုးရှေးအတိတောကပင် လွန်စွာမှ အဖိုးတန်သည့် သစ်တောသယံဇာတ အရင်းအမြစ်များကို ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်ခဲ့ကြရလေ၏။

ဟိုးတစ်ချိန်တုန်းက မြန်မာလူဦးရေနှင့် စီးပွားရေး အခြေခံအချက်အလက်များအရ နိုင်ငံ၏စီးပွားရေးသည် သစ်တောကြီးများအပေါ် အဓိကမှီခိုခြင်း မရှိခဲ့ချေ။

မြန်မာ့သစ်တောကြီးများ၏ စီးပွားရေးအရေးပါမှုကို ဦးစွာ သတိပြုမိခဲ့ကြသူများမှာ နယ်ချဲ့တိုင်းတစ်ပါးသားများပင်

ဖြစ်လေ၏။

နယ်ချဲ့တိုင်းတစ်ပါးသားတို့သည် မြန်မာ့သစ်တောကြီးများကို သူတို့အလိုကျ စိတ်တိုင်းကျ စိတ်ကြိုက်ခြယ်လှယ်ရန် ရည်ရွယ်ကာ မြန်မာနိုင်ငံအပေါ် မဟာရာဇကျူးကျော်စစ်ပွဲ (၃) ကြိမ်တိုင်တိုင် ဆင်နွှဲကာ ကျွန်ပြုစိုးမိုးခဲ့ကြလေ၏။

ထို့ကြောင့် မြန်မာ့သစ်တောသယံဇာတအရင်းအမြစ်များသည် နယ်ချဲ့တစ်ပါးသူတို့၏လက်အောက်တွင် ရာစုနှစ်ချီကာ အမြတ်ထုတ် သွေးစုပ်ခြယ်လှယ်ခြင်းကို ခံခဲ့ရလေတော့၏။

မြန်မာနှင့် ကျွန်းသည် ခွဲခြား၍မရနိုင်ချေ။ မြန်မာ့သမိုင်းသည်ကား ကျွန်းဖြင့် စတင်ခဲ့လေ၏။

မြန်မာနိုင်ငံ၏ သမိုင်းယဉ်ကျေးမှုအစ တကောင်းကဟူ၍ ဆိုရိုးစကားရှိခဲ့၏။ တကောင်းကို စတင်တည်ထောင်သူကား သာကီနွယ်ဝင် မင်းအဘိရာဇာဖြစ်၏။

သာကီနွယ်ဝင် မင်းမျိုးများမှ ကျွန်းပင်များ လွန်စွာထူထပ်စွာပေါက်ရောက်နေသောအရပ်တွင် စတင်ကာ မြို့တည်ဆောက်သောကြောင့် ကပိလဝတ္ထုမင်းဆက်ဟု ခေါ်တွင်လာခဲ့လေခြင်း ဖြစ်လေ၏။

ကျွန်းကို ပါဠိစကားအရ ''သာက'' ဟု အနက်ဖွင့်ဆို

သည်ကိုလည်း မှတ်သားခဲ့ရ၏။

ထို့ကြောင့် မြန်မာ့သမိုင်းကို ကျွန်းဖြင့်စခဲ့ရပြီးလျှင် သမိုင်းစဉ်တစ်လျှောက်လုံး၌ 'မြန်မာနှင့်ကျွန်း' ကို ခွဲခြားမရ ဖြစ်ခဲ့ရလေတော့၏။

✵

ကျွန်းသစ်ကို အင်္ဂလိပ်ဘာသာဖြင့် "TEAK" ဟု ခေါ်ဆိုကြ၏။

ကျွန်းသစ်သည် ရှေးနှစ်ပေါင်းများစွာကပင် အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင်၌သာ သဘာဝပေါက်ရောက် ဖြစ်ထွန်းခဲ့လေ၏။

✵ ✵ ✵

## ဆင်နိုးမလေး

♬ ××× သွေးရှောင်မဖယ် ဖေမောင်တကယ် ×××

ရနှောင်ကိုယ်တော်ဆိုးတယ် ××× ဆင်နိုး ×××

ဆင်နိုး ××× ကျွန်မကို မရမကယူလို့ကွယ် ××× ♬

ဟူသော အထက်ပါသီချင်းသည် သူ့ခေတ်နှင့်သူ့အခါက လူတကာ၏နှုတ်ဖျားတွင် ရေပန်းစားခဲ့သော တေးသီချင်းဖြစ်လေ၏။

ထိုသီချင်းကို သီဆိုသူမှာကား ...

မှုန်နံ့သာမခြယ်ရဘဲနှင့်

နဂိုလှ၊ နဂိုယဉ် ... ဟူ၍ လည်းကောင်း။

နစ္စ၊ ဂီတ အဆိုအကအရာတွင် လျှမ်းလျှမ်းတောက် ထူးချွန်ပြောင်မြောက်သူဟူ၍ လည်းကောင်း

သတင်းကြီးခဲ့သည့် ဆင်ခိုးမလေးပင် ဖြစ်လေတော့၏။

ဆင်ခိုးမလေးသည်က ကုန်းဘောင်ခေတ်နောက်ပိုင်း မင်းတုန်းကြီးနှင့် သီပေါဘုရင်တို့၏လက်ထက်တွင် အဘက်ဘက်မှ လွန်စွာမှခမ်းနားလှသော ဣန္ဒာ ခေါ် နန်းတွင်းအဲနောင်ဇာတ်တော်ကြီး၏ ခေါင်းဆောင်မင်းသမီးတစ်လက်ပင် ဖြစ်လေ၏။

သူနှင့်ခေတ်ပြိုင်ဘက်မှာ နန်းတွင်းဇာတ်တော်ကြီးတွင် သူ့ထက်အရင် ခေါင်းဆောင်မင်းသမီးဖြစ်ခဲ့ဖူးသော မယင်းတော် (ခေါ်) ယင်းတော်မလေးတစ်ဦးတည်းသာ ရှိ၏။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် နင်လားငါလားနှင့် ထဘီစွန်တောင်ဆွဲကာ ယှဉ်ပြိုင်ကခဲ့ကြရလေ၏။

ဆင်ခိုးမလေး အမည်တွင်ရခြင်းကား ရနောင်မင်းသား ဆိုသူက လုံထွက်တင်အဖြစ် ဆင်ဖယဉ်သာဖြင့် ဆောင်ကြဉ်း ကောက်ယူတော်မူသည်ကို အစွဲပြု၍ ဆင်ခိုးမလေးဟူ၍ အမည်တွင်ခြင်း ဖြစ်လေတော့၏။

♫ ××× ထဘီစွန်တောင်ဆွဲလို့ ကကြတယ် ××× အရောင်တင် မပြယ်သလိုလို လှပါတယ်။ ××× ဒေါ်ဆင်နိုးလည်း ခပ်ငယ်ငယ် ××× မယင်းတော် နှင့် နင်လားငါလား ပြိုင်ကြတုန်းက ××× မြင်ချင်ပါဘိတယ် ××× ရနောင်ခေါ် မင်းသားတောင် မြတ်နိုးတယ် ××× ချက်ချင်း လက်ငင်း ကောက်သတဲ့ကွယ် ××× ♫

✹ ✹ ✹

## တစ်မိပေါက်တစ်ယောက်ထွန်း

ဆင်နိုးမလေးကို ၁၂၁၄–ခုနှစ်တွင် တောင်တွင်းကြီးမြို့၌ မွေးဖွားခဲ့လေ၏။ ၎င်း၏ငယ်နာမည်မှာ မရွှေမျှင်ဖြစ်၏။ မွေးချင်း (၅) ယောက်ရှိသည့်အနက် ဆင်နိုးမလေးသည် အကြီးဆုံးဖြစ်ကာ ၎င်းအောက်တွင် မောင် (၄) ယောက်ရှိ၏။

ထိုသူတို့မှာ ကိုရင်ကြီး၊ ကိုရင်ကလေး၊ ကိုကျောက်လုံးနှင့် ကိုဖိုးသူတော်တို့ ဖြစ်ကြလေ၏။

ဆင်နိုးမလေးသည် တစ်မိပေါက် တစ်ယောက်ထွန်း ဆိုသလို မောင်နှမများတွင် ၎င်းတစ်ဦးတည်းပင် အကာအခုန်

လွှန်စွာမှဝါသနာပါသူ ဖြစ်လေ၏။

ထို့ကြောင့် အသက် (၁၂) နှစ်အရွယ်တွင် တောင်တွင်းကြီးမြို့နယ်တစ်ဝိုက်တွင် ပရိသတ်ချစ်သော နာမည်ကျော် မြေဝိုင်းမင်းသမီးကလေးဘဝသို့ ရောက်ရှိခဲ့လေ၏။

ဆင်နိုးမလေး အသက် (၁၉) နှစ်အရွယ်သို့ရောက်သည့်အခါ တောင်တွင်းကြီးမြို့က လယ်တော်အုပ်နှင့်အကြောင်းပါကာ ညာဘွားနှင့် သက်ထားဟူသော သားနှစ်ယောက် မွေးဖွားခဲ့လေ၏။

✵ ✵ ✵

## ဇာတ်မြေကို စွန့်ခွာခြင်း

ထိုခေတ် ထိုအခါက ဇာတ်သဘင်ပညာသည် သဘင်ပညာနှင့်ပတ်သက်လျှင် မင်းနေပြည်တော်၊ ရတနာပုံနန်းထွက်မှသာ တကယ်တမ်း အဆင့်အတန်းမြင့်သည်ဟု ယူဆကြလေ၏။

ထို့ကြောင့် ဆင်ခိုးမလေးသည် စွဲစွဲမြဲမြဲယုံကြည်သူဖြစ်သည့်အတွက် ရင်းတဝဲ ကျွမ်းလက်စရှိသော သဘင်ပညာကို အစွမ်းကုန်တတ်မြောက်ရန်အတွက် ခင်ပွန်းဖြစ်သူ လယ်တော်အုပ်အား အနူးအညွတ်ပန်ကြားပြီးလျှင် ၁၂၃၆–ခုနှစ်တွင် သား

နှစ်ယောက်ကို ခေါ်ဆောင်ကာ ဇာတိ တောင်တွင်းကြီးမြို့မှနေ မင်းနေပြည်တော်ရတနာပုံသို့ တက်သွားလေတော့၏။

✹ ✹ ✹

ရွှေဒေသောစာပေ

## ရနောင်မင်းသား နှင့် ဆင်နီးမလေး

မင်းနေပြည်တော် ရတနာပုံသို့ ဆင်နီးမလေးတို့သားအမိတွေ ရောက်သွားသည့်အခါ ရတနာပုံတွင် လွန်စွာမှ ထက်မြက်လှသော ရနောင်မင်းသားက လွန်စွာမှချစ်မြတ်နိုး၍ ကောက်ယူသိမ်းပိုက်မည်ပြုရာတွင် ဆင်နီးမလေးက –

ကျွန်တော်မတွင် ကာမပိုင်လင်ယောကျ်ားရှိ၍ သူနှင့်ကွာရှင်းပြီးမှ သိမ်းပိုက်တော်မူစေကြောင်း လျှောက်ထား တောင်းပန်လေ၏။

ထိုအခါ ရနောင်မင်းသားက ခွင့်ပြုလိုက်ပေမယ့် ဆင်နီး

မလေး၏ သားကြီး ညာဘွားအား ထားခဲ့ရန် ပြောလေ၏။

ဆင်ခိုးမလေးလည်း လင်ယောကျ်ား လယ်ခတ်အုပ်နှင့် ကွာရှင်းရန်အတွက် တောင်တွင်းကြီးမြို့သို့ ပြန်လာခဲ့ရလေတော့၏။

ရနောင်မင်းသားသည်ကား ရနောင်မောင်မောင်တုတ်ပင် ဖြစ်၏။ မဟာမင်းလှမင်းထင်စည်သူဟူသော ဘွဲ့ထူးဖြင့် ရနောင်မြို့ကို စားရသောကြောင့် ရနောင်ကိုယ်တော်ကြီးဟု ဆိုကာ လွန်စွာမှထင်ရှား၏။

လွန်စွာမှ ဘားထက်သော မင်းတစ်ပါးလည်း ဖြစ်၏။ မယားလည်း လွန်စွာမှများ၏။ သူ့ခေတ်သူ့အခါက အမျိုးသမီးတို့သည် "ရနောင်မောင်မောင်တုတ်ဟေ့" ဟု အမည်ကြားရလျှင် လွန်စွာမှ တထိတ်တလန့်ဖြစ်ကာ ကြက်သီးများပင် ဖြန်းဖြန်းထကြကုန်၏။

✲ ✲ ✲

## ဓားသွားပေါ်ကအချစ်

ထို့ကြောင့် ဆင်နိုးမလေးသည် မိမိအသက်တစ်ချောင်းအတွက်သာမက သားကြီးမောင်ညာဘွား၏အသက်ကိုပါ ငဲ့ကွက်ကာ ငယ်ချစ်လင် လယ်တော်အုပ်ကို ကွာရှင်းလိုက်ရလေတော့၏။

ထိုအခါမှာ လင်တော်မောင် လယ်တော်အုပ်မှာ လွန်စွာမှ ရူးမတတ်အောင် ခံစားလိုက်ရလေတော့၏။

ဆင်နိုးမလေးမှာမူ ရင်းကိုယ်စား လင်ယောကျ်ားအား စိတ်ရှည်လက်ရှည်ပြုစုမည့် မိန်းမတစ်ဦးနှင့် ပေးစားကာ ထိုမိန်းမ

အတွက်လည်း ငွေ ၅၀၀ ကျပ်၊ အဝတ်အထည်နှင့် ၎င်း၏အသုံး အဆောင်အားလုံးကိုလည်း ပေးကမ်းခဲ့လေ၏။

ထိုသို့ စီစဉ်ပြုလုပ်နေစဉ် မင်းသားရနောင်မောင်မောင် တုတ်၏ ခြေမြန်တော်များက ရောက်ရှိလာကြပြီးလျှင် ဆင်နိုးမ လေးအား ဆင်မယဉ်သာဖြင့် တောင်တွင်းကြီးမှ ရတနာပုံသို့ ခေါ်ဆောင်သွားလေတော့၏။

ဆင်နိုးမလေး မင်းသားရနောင်မောင်မောင်တုတ်ထံသို့ ရောက်ရှိသွားပြီးမကြာမီ ၎င်း၏မောင်ဖြစ်သူ ကိုရင်ကြီးသည် လည်း အစ်မအားစောင့်ရှောက်ရန် ရတနာပုံသို့ ပြောင်းရွှေ့နေ ထိုင်ရလေတော့၏။

✹ ✹ ✹

## ဆင်နိုးရဲ့ဆေး

•

ရနောင်မင်းသားသည် သတ္တိဗျတ္တိရှိသလောက် လွန်စွာမှ စိတ်နေသံဘောထား ခက်ထန်လှလေ၏။ လွန်စွာမှလည်း ဒေါသကြီးသူ ဖြစ်၏။

ရနောင်မင်းသားသည် ဆင်နိုးမလေးအား သိမ်းပိုက်ပြီးသည့်နောက်တွင် အနုပညာရှင်ဖြစ်သော ဆင်နိုးမလေး၏ နူးညံ့သိမ်မွေ့သော ဆွဲဆောင်မှုတွေကြောင့် ခက်ထန်ပြင်းပြသော စိတ်ထားများ လျော့ပါးလာလေတော့၏။

ရနောင်မင်းသား၏ များစွာသောမယားများအနက် ဆင်

နီးမလေးအား တယုတယ မြတ်နိုးတွယ်တာသည်ကို သိပေါ်မင်း၏ မိဖုရားခေါင်ကြီး တွေ့မြင်လိုက်ရသည်တွင် ...

"ရနောင်မင်းသား ဆင်နီးရဲ့ဆေး မိနေပြီ"

ဟု မိန့်ဆိုဖူးလေ၏။

✲ ✲ ✲

## ရနောင်မင်းသား၏နောက်ဆုံးနေ့များ

ရနောင်မင်းသားသည် ဆင်နိုးမလေးနှင့် လွန်စွာမှ သင့်မြတ်ကြ၍ ခြောက်နှစ်မျှကြာသောအခါ သားတော်တစ်ပါး ထွန်းကားခဲ့လေ၏။

ထိုသားတော်လေးသည် သက်ဆိုးမရှည်။ သားတော်လေး အခါလယ်အရွယ်တွင် သေဆုံးသွား၏။

သားတော်လေးသေဆုံးပြီးနောက် မကြာမီကာလ၌ပင် ရနောင်မင်းသားသည် ခန့်ပတ်မင်းကြီး၏ မြေး၊ ဒိုင်းဝန်၏သမီး ဒိုင်းခင်ခင်၏ပြဿနာနှင့်ပတ်သက်ပြီး ရာဇဝတ်တော်သင့်လေ

တော့၏။

ရနောင်မင်းသားနှင့်ပတ်သက်ပြီး ရိုက်ဒဏ် (၁၃) ချက် အရိုက်ခံရလေတော့၏။

ထို့နောက် ရာဇဝတ်ဘေးမှဝေးရာ မြန်မာနိုင်ငံအောက်ပိုင်းသို့ တိတ်တဆိတ်ထွက်ပြေးကြရန်အကြံနှင့် မောင်ဖြစ်သူ ကိုရင်ကြီးအား မိမိ၏ကိုယ်ပိုင်ဝတ်ဆင်တန်ဆာ ရတနာများကို အပ်နှံပြီး ရှေးဦးစွာ ပြေးနှင့်ခိုင်းလေ၏။

မောင်ဖြစ်သူ ကိုရင်ကြီးမှာလည်း အစ်မဖြစ်သူအား ထားခဲ့ပြီး မပြေးရက်နိုင်ဘဲ နှောင့်နှေးနေစဉ် ၎င်းတို့၏အကြံအစည်ကို သက်ဆိုင်ရာတို့က သိသွားကြလေတော့၏။

သက်ဆိုင်ရာက ဆင်ခိုးမလေးအား ရွှေလုံ့ဗိုလ်၏နေအိမ်တွင် ခြေကျင်းခတ်၍ ချုပ်နှောင်ထားလေတော့၏။

ကိုရင်ကြီးအပ်ထားသည့် ရတနာပစ္စည်းအားလုံးကိုလည်း အမည်မသိမင်း၏ မင်းမှုထမ်းအချို့က ၎င်းအား နှိပ်စက်ကြပြီး ယူကြကုန်၏။

ထို့နောက် သီပေါမင်း၏မိဖုရားခေါင်ကြီး၏အမိန့်ဖြင့် ဆင်ခိုးမလေးတို့ အချုပ်အနှောင်မှ လွတ်မြောက်ကြရလေတော့၏။

အကျဉ်းကျခံနေရရှာသော ရနောင်မင်းသားမှာမူ တစ်ပါးသူသတ်၍ မသေလိုသဖြင့် ရင်းကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ကတ်ကြေးနှင့်ထိုး၍ အဆုံးစီရင်လိုက်လေတော့၏။

✹ ✹ ✹

## ဆင်နိုးမလေးနှင့် ယိုးဒယားအက

ရနောင်မင်းသား ကံတော်ကုန်ရှာပြီးနောက် သီပေါဘုရင်၏ မိဖုရားခေါင်ကြီးက ဆင်နိုးမလေးအား လွန်စွာမှ သနားချစ်မြတ်နိုးတော်မူ၍ မြှောက်စားလိုသောကြောင့် –

"ဆင်နိုး ... ယိုးဒယားအက သင်စေ"

ဟုဆိုကာ မိန့်ကြားတော်မူလိုက်လေတော့၏။

ဆင်နိုးမလေးလည်း ယိုးဒယား ရာမဆရာ ဦးဘိုးမြထံတွင် သုံးနှစ်သုံးမိုးတိုင်တိုင် ယိုးဒယားအကကို သင်ကြားရလေ၏။

ယိုးဒယား ရာမ ဆရာမြသည်ကား သဘင်ပညာနှင့်

ပတ်သက်ပြီး လွန်စွာမှ စည်းကမ်းစည်းစနစ်ကြီး၍ နည်းနည်းမျှ အတိမ်းအစောင်းခံသူ မဟုတ်ချေ။

တပည့်မ ဆင်ခိုးမလေးမှာ နဂိုကတည်းကပင် သဘင်ပညာပါရမီ ရှုးသွပ်သူဖြစ်သည့်အတွက် ဆရာကောင်း၏ ဂရုတစိုက် သင်ကြားမှုတွေကြောင့် ထိပ်တန်းသဘင်ပညာရှင်အဖြစ်သို့ ရောက်ရှိလာခဲ့လေတော့၏။

နန်းတွင်း အီနောင်ဇာတ်တော်ကြီးတွင် ယင်းတော်မလေး၏နေရာ၌ ခေါင်းဆောင်မင်းသမီးအဖြစ် ဆင်ခိုးမလေးသည် ချီးမြှင့်မြှောက်စားခြင်းခံရလေတော့၏။

✵ ✵ ✵

## လင်ကြီးနှင့်ပြန်ပေါင်းပြီ

တစ်ခါသော် မိဖုရားခေါင်ကြီး၏ရှေ့တော်သို့ ဆင်နိုးမလေး အခစားဝင်ရောက်စဉ် မိဖုရားခေါင်ကြီးက . . .

"ဆင်နိုး . . . နှင့်ကို လင်ပေးစားမယ်"

ဟုဆိုကာ မိန့်တော်မူလိုက်လေတော့၏။

"ကျွန်တော်မတွင် သားများဖြစ်တဲ့ ညာဘွားနဲ့ သက်ထားတို့ဖခင် ငယ်ကခင်ပွန်း၊ လင်တော် လယ်တော်အုပ် တောင်တွင်းကြီးမြို့တွင် ရှိပါသေးတယ်"

ဟု ဆင်နိုးမလေးက လျှောက်ထားရာ မိဖုရားခေါင်ကြီး

က –

"ဟဲ့ ဆင်ခိုးမ ... နင့်လင်ကို သံကြိုးရိုက်ပြီး အမြန် ခေါ်ကာ ပေါင်းသင်းစေ"

ဟု မိန့်တော်မူလိုက်လေ၏။

ထို့နောက် ဆင်ခိုးမလေးသည် ရတနာပုံကနေ တောင်တွင်းကြီးမြို့သို့ ချက်ချင်း လင်တော်မောင်အား သံကြိုးရိုက်၍ အမြန်ခေါ်လိုက်လေ၏။

ဆင်ခိုးမလေးနှင့် လင်တော်မောင် လယ်တော်အုပ်နှင့် ပျော်ရွှင်ချမ်းမြေ့သောအိမ်ထောင်ကို ပြန်လည်၍ထူထောင်နေစဉ်မှာပင် လင်တော်မောင် လယ်တော်အုပ်မှာ ကွယ်လွန်သွားရလေတော့၏။

✵ ✵ ✵

## အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ
## ဘာကြောင့် ဖြစ်ရသလဲ

၁၂၄၇-ခု၊ တန်ခူးလ (၁၈၈၅၊ ဧပြီလ) တွင် အင်္ဂလိပ်နှင့် မြန်မာတို့၏ တတိယစစ်ပွဲ ဖြစ်ပေါ်ခဲ့သည်။

ဖြစ်ပေါ်ခဲ့သည့် အကြောင်းအရင်းသည်ကား -

မြန်မာ့လွှတ်တော်၏ကိုယ်တွယ်မှု မျှတခြင်းမရှိဟု ဆိုလေ၏။

ထို့ကြောင့်ပင် အထက်မြန်မာပြည်ကိုသိမ်းပိုက်ရန် တတိယစစ်ပွဲ ပေါ်ပေါက်ခဲ့လေ၏။

ထိုသို့ဖြစ်ပေါ်ခဲ့ရသည့် အဓိကအချက်မှာ ...

အင်္ဂလိပ်နှင့် မြန်မာတို့ ဆက်ဆံရေးအဆင်မပြေမှုကို အားပေးဖန်တီးသူက ဘုံဘေဘားမားကုမ္ပဏီပင် ဖြစ်လေ၏။

'ဘုံဘေဘားမားကုမ္ပဏီ'သည်ကား သစ်လုပ်ငန်းကို လုပ်သောဌာနပင်ဖြစ်၍ 'သစ်ကြောင့်ဖြစ်သောစစ်'၊ 'သစ်စစ်ပွဲ' ဟူကာ ဖြစ်ရလေ၏။

မြန်မာဘုရင်အစိုးရက လက်ဝါးကြီးအုပ် ကူးသန်းရောင်းဝယ်မှုကြောင့် ရန်ကုန်မြို့ရှိ ဗြိတိသျှကုန်သည်တို့ အထူးနစ်နာကြ၏။

ထို့ကြောင့် ရန်ကုန်မြို့မှ ဥရောပတိုက်သားတို့ တည်ထောင်သည့် မြန်မာကုန်သည်ကြီးအသင်းက အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရန် မဆွကပင် တောင်းဆိုခဲ့ကြ၏။

ဘုံဘေဘားမားကုမ္ပဏီ၏ နင်းကြမ်းသစ်တောမှ သစ်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အင်္ဂလိပ်–မြန်မာတို့ အငြင်းပွားမှုပေါ်တွင် စတင်ကာ ဖြစ်ခဲ့ကြရလေတော့၏။

တတိယအကြိမ် အင်္ဂလိပ်–မြန်မာတို့၏ စစ်ပွဲပေါ်ပေါက်ရခြင်းသည် ဘုံဘေဘားမားကုမ္ပဏီ၏ နင်းကြမ်းသစ်တောမှ သစ်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီနှင့်မြန်မာဘုရင့်အစိုးရတို့ မပြေလည် အငြင်းပွားမှုပေါ်တွင် မြန်မာ့လွှတ်တော်၏ ကိုင်

တွယ်မှု မျှတခြင်းမရှိသောအကြောင်းအရင်းကို အခြေခံသည်ဟု သဘောပေါက်ထားကြ၏။

သို့သော် ထိုတတိယစစ်ပွဲဖြစ်ရခြင်းမှာက သစ်ကိစ္စကြောင့် မဟုတ်ပေ။

အင်္ဂလိပ်နှင့်မြန်မာတို့ ဒုတိယအကြိမ် ကြုံကြိုက်သည့်အခါက မင်းတုန်းမင်းကြီးမှာ အင်္ဂလိပ်ကို အသာတကြည် မဟာမိတ်ပြုခဲ့၏။

အသာတကြည် မဟာမိတ်ပြုခြင်းမှာ မင်းတုန်းမင်းကြီးမှာ ရည်ရွယ်ချက်ရှိ၏။

၎င်းမှာ ဆုံးရှုံးခဲ့သော မြန်မာ့နယ်မြေအားလုံးကို ပြန်လည်ရယူရန် ဖြစ်၏။

ထိုအချိန်မှာ ကနောင်မင်းသားကတော့ ဆင်လျှင်ဆင်၊ မြင်းလည်းမြင်း ဆိုသကဲ့သို့ ခေတ်မီခြင်းကို ခေတ်မီခြင်းဖြင့် တိုက်ယူရန် အာသာရှိသူဖြစ်၏။

စစ်မက်အတတ်ပညာ၊ စက်မှုလက်မှုအတတ်ပညာ၊ နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ ဗဟုဝါဒသဘောတရားများကိုလည်း မြန်မာတို့ တတ်အပ်ပြီဟုဆိုကာ ရဲဝံ့စွာဖြင့် အသင့်ဖြစ်လို့နေလေ၏။

ဤသို့ဖြစ်ခဲ့သော်လည်း အင်္ဂလိပ်–မြန်မာ တတိယ အကြိမ် စစ်ဖြစ်ရခြင်းမှာ ...

ကမ္ဘာပေါ်တွင်ဖြစ်ပွားခဲ့သည့် စစ်များအကြောင်းရင်းတွင် ပဒေသရာဇ်စနစ်မှ သူ့ထက်ကောင်းသော အရင်းရှင်စနစ်သို့ ကူးပြောင်းချင်သော နယ်ချဲ့စနစ်ကြောင့်ပင် ဖြစ်လေတော့၏။

ခေါင်းစဉ်တစ်မျိုး၊ တကိုယ်တစ်မျိုးဖြစ်ကာ ကမ္ဘာနှင့် အဝန်း လွန်စွာကြီးမားသော ပြောင်းလဲနေသော အရင်းရှင် နယ်ချဲ့စနစ် လှိုင်းလုံးကြီးသည် မြန်မာပြည်က မြန်မာဘုရင် အစိုးရ တားဆီးနိုင်စွမ်းရှိမည် မဟုတ်ချေ။

၁၈၈၅–ခုနှစ်၊ နိုဝင်ဘာလက –

၁။ အရေးပိုင်ကိုယ်စားလှယ် လွှတ်မည်ဆိုသော အချက် သည် ဤသစ်မှုကို အစွဲပြု၍ဖြစ်သည်။ သစ်ဖိုးငွေ တော်ကို မတောင်းမခံ ချမ်းသာပေးတော်မူလျှင် အရေး ပိုင်လွှတ်ရန် မရှိ။

၂။ ခြေနင်းမိခြင်း၊ ဆောင်မားကိုင်ခြင်း၊ စစ်သားထားခြင်း စသောအချက်များကိုလည်း ပြောဆိုပြန်ကြားရန် မရှိ။

၃။ သာသနာတော်အကျိုး၊ တိုင်းကျိုးပြည်ကျိုးများကို ထောက်မျှော်တော်မူသဖြင့် သစ်မှုနှင့်စပ်သော အများ

ကြောင့် နှစ်တိုင်းနှစ်ပြည် ရန်စစ်ဖြစ်ပွားမရှိစေရ။ သင့်တင့်ညီညွတ်အောင် သဘောထား၍ သည်းခံတော်မူပြီးလျှင် သစ်တောကုမ္ပဏီတို့က ဆက်သွင်းရန် ငွေတော်ကို ၂၃၀၀၀၀ ကျော်များကို မတောင်းမခံ ချမ်းသာပေးတော်မူမည်။

၄။ ကိုယ်စားလှယ်လွှတ်ရန်ဆိုသည့်အချက်မှာ အထက်ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး ဘုရားလက်ထက်တော် ကိုယ်စားလှယ်ထားသကဲ့သို့ အထက်ထားမြဲအတိုင်း ထားနိုင်ကြောင်း။

၅။ မြန်မာနိုင်ငံတော်ကို အင်္ဂလိပ်မင်း သဘောမတူဘဲလျက် အခြားနိုင်ငံများနှင့် မဆက်ဆံရဆိုသည့်အချက်မှာ အင်္ဂလိပ်နိုင်ငံ၊ မြန်မာနိုင်ငံမှအပ အခြားနိုင်ငံကြီး တစ်ဦးဦး ဆုံးဖြတ်၍ပြီးနိုင်ကြောင်း။

ဟူသော ပြန်ကြားချက်သည် မြန်မာဘုရင်အစိုးရ၏ ပြန်ကြားချက်ပင် ဖြစ်လေ၏။

ထိုသို့ မြန်မာဘုရင်အစိုးရ၏ ပြန်ကြားချက်ကို နှစ်ရက်ခန့်ကြာသောအခါ ...

ဗိုလ်ချုပ်ပရင်ဒါဂတ်စ် လက်အောက်ရှိ ဗြိတိသျှတပ်များ

သည် အင်္ဂလိပ်–မြန်မာ နယ်ခြားဖြစ်သည့် သရက်မြို့၌ စစ်ခင်းရန်အတွက် အသင့်ရှိနေလေ၏။

၁၈၈၅–ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့တွင် ဗိုလ်ချုပ်ပရင်ဒါဂတ်စ်သည် ၎င်း၏တပ်ကိုဦးစီး၍ အထက်မြန်မာပြည်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာလေ၏။

ဗိုလ်ချုပ်ပရင်ဒါဂတ်စ်၏လက်ဝယ်တွင် ကြေညာချက်တစ်စောင် ပါရှိလာလေ၏။

ထိုကြေညာချက်၏လိုရင်းမှာကား အောက်ပါအတိုင်းပင်ဖြစ်လေတော့၏။

''မြန်မာပြည်သူပြည်သားအပေါင်းတို့အတွက် ရည်ရွယ်ကြောင်း။ လက်ရှိဖြစ်ပေါ်ခဲ့သော ပြဿနာများ ပြေလည်ရေးအတွက် ဘုရင်ခံချုပ်တင်ပြခဲ့သော အကြံပေးချက်များကို လက်မခံသောကြောင့် စစ်သည်ဗိုလ်ပါတို့နှင့် အလုံးအရင်း ချီတက်လာရကြောင်း။ အိန္ဒိယအစိုးရအနေနှင့် စစ်ကြေညာခြင်းကို အထူးပင်မလိုလားကြောင်း။ မြန်မာတို့က နှစ်ရှည်လများ စော်ကားမှုပြုလုပ်သောကြောင့်သာ စစ်ကြေညာရကြောင်း။၊ စာချုပ်

များကို ချိုးဖောက်ခြင်း၊ ဗြိတိသျှစီးပွားရေးကို မတရား ပြုခြင်း စသည်တို့ကို သီပေါဘုရင်လက်ထက်၌ တွေ့ မြင်ရကြောင်း။ ၎င်းအခြေအနေများကြောင့် ဗြိတိသျှ အစိုးရမှာ သည်းခံနေရသော်လည်း မြန်မာဘုရင်က ဤသည်းခံခြင်းကို အခွင့်ကောင်းယူကာ ဗြိတိသျှကုမ္ပဏီတစ်ခုအပေါ် များစွာထိခိုက်သည့်ဒဏ်ငွေကို ခတ်ခဲ့ကြောင်း။ သို့အားဖြင့် စစ်ဖြစ်ရန် ယခုကဲ့သို့ ချီတက်လာသည်ကို ဟန့်တားခြင်း၊ ခုခံခြင်းမပြုပါက မြန်မာများ၏ ကိုယ်ပိုင်အခွင့်အရေးများ၊ သာသနာ၊ ယုံကြည်မှုနှင့် အမျိုးသားထုံးစံဓလေ့များကို ထိပါးခြင်းမရှိ ရှိသေလေးစားမည်ဖြစ်ကြောင်း''

စသဖြင့် မဟုတ်မဟတ် လုပ်ဇာတ်ခင်းလေတော့၏။

ထိုအခါ မြန်မာဘုရင်မှာမူ နယ်ချဲ့တို့၏ စော်ကားကျူးကျော်စစ်ကို သည်းခံခြင်းအတိုင်းအတာ မရှိတော့သဖြင့် မြန်မာသည် သူရဲဘောကြောင် သွေးနည်းသူမဟုတ်၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို ပြသရန် ဖြစ်ပေါ်နေပြီဖြစ်သည့်အတွက် ကျူးကျော်လာသူကို တရားရေအေးတိုက်ကျွေးနေမည့်အစား တိုက်ခိုက်

တော်မူမည်ဖြစ်ကြောင်း အမိန့်တော်ချမှတ်လိုက်လေတော့၏။

ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းက - ဗြိတိသျှအာဏာပိုင်တို့သည် မြန်မာဘုရင်အစိုးရထံသို့ စာတစ်စောင် ရေးသားပေးပို့ခဲ့လေ၏။

ထိုစာသည်ကား -

၁။ သစ်လုပ်ငန်းကြောင့် နှစ်ပြည်တစ်ပြည် အကျိုးပွားများခဲ့ကြောင်း။

၂။ ဘီဘီတီစီသစ်လုပ်ငန်းမှာ မကြာမီက ထွက်ပေါ်ခဲ့သော စွပ်စွဲချက်များကြောင့် များစွာနှောင့်နှေး ကြန့်ကြာခဲ့ရကြောင်း။

၃။ ယခုကဲ့သို့ အရှုပ်အထွေးကြောင့် ပေးထားသည့် သစ်ထုတ်ပိုင်ခွင့်ကို ကုမ္ပဏီအနေဖြင့် မဆောင်ရွက်ပါက နှစ်ဦးနှစ်ဖက် အကျိုးယုတ်ဖွယ်ရာရှိကြောင်း။

ဟူ၍ ဖော်ပြပါရှိလေ၏။

ထိုစာနှင့်ပတ်သက်ပြီး မြန်မာဘုရင်အစိုးရက ဖြစ်ကြောင်းကုန်စင်ကို လေ့လာသုံးသပ်ရာ လုပ်ကြံထားသည်ကို

တွေ့ရသဖြင့် ၁၈၈၅–ခု၊ ဩဂုတ်လ (၂၀) ရက်နေ့တွင် သီပေါ မင်းထံ ပါးလိုက်သော ဗြိတိသျှမဟာဝန်၏စာ၌ အိန္ဒိယဘုရင်ခံချုပ် ရွေးချယ်ခန့်အပ်ထားသော ကိုယ်စားလှယ်၏ဖျန်ဖြေမှုကို လက်ခံရန်တောင်းဆိုထားသည်ကို တွေ့ရလေ၏။

ဗဟိုအစိုးရ၏ သဘောတူညီချက်အရ အိန္ဒိယဘုရင်ခံချုပ်အနေဖြင့် ၁၈၈၅–ခု၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် သီပေါမင်းထံသို့ အောက်ပါအကြောင်းနှစ်ရပ်ပါသည့် အကြောင်းကြားစာကို ပေးပို့လိုက်လေ၏။

၁။ ကျနစွာ စုံစမ်းစစ်ဆေးခြင်းမပြုမီအတွင်း ဘီဘီတီစီကုမ္ပဏီ သစ်ထုတ်ပိုင်ခွင့်များ ဖျက်သိမ်းမည့်အမိန့်ကို ခေတ္တရပ်တန့်ရန်။

၂။ ဘုရင်ခံချုပ်ရွေးချယ်သည့် ဖျန်ဖြေရေးပုဂ္ဂိုလ်အား သဘောတူလက်ခံရန်။

ဟူ၍ဖြစ်ကာ –

ထို့နောက်ပိုင်းတွင် ဘီဘီတီစီကုမ္ပဏီ၏ အခွင့်အရေးများကို လုံးဝကာကွယ်မှုပေးလိုသဖြင့် ဘုရင်ခံချုပ် 'လော့ဒ်ဖရင်' သည် သီပေါမင်းထံသို့ အပြန်ဆုံး အကြောင်းပြန်စေလိုသည့် အချက်ငါးချက်ပါသော ရာဇသံကို ပေးပို့ခဲ့ပြန်၏။

ထိုရာဇသံသည်ကား –

၁။ အိန္ဒိယဘုရင်ခံမင်းထံက အရေးပိုင်ကိုယ်စားလှယ်တစ်ဦး စေလွှတ်၍ ထိုအရေးပိုင်နှင့် မြန်မာအရာရှိတို့ ဤသစ်မှုကို ဆုံးဖြတ်စိရင်လိုကြောင်း၊

၂။ ထိုအရေးပိုင်ကိုလည်း မြစ်ဆိပ်တွင် အုတ်ဝင်းကာရံ နေထိုင်စေ၍ အစောင့်အရှောက် စစ်သားတစ်ထောင် ထားလိုကြောင်း၊

၃။ ရောဝတီမြစ် ဂေါ်ဝိန်ဆိပ်ကမ်းတွင်လည်း တိုက်သင်္ဘော တစ်စင်း အစောင့်အရှောက်ထားလိုကြောင်း၊

၄။ သစ်မှုပြောဆိုရာတွင် မြန်မာမင်းမြတ်အရှေ့တော်သို့ အရေးပိုင်ဝင်ရောက်ရာ ခြေနင်းစီး၍ ဆောင်မားကိုင်ရန် အခွင့်ရလိုကြောင်း၊

၅။ မြန်မာနိုင်ငံတော်ကိုလည်း အင်္ဂလိပ်မင်းက သဘော မတူဘဲလျက် မည်သည့်နိုင်ငံနှင့်မျှ မဆက်ဆံရန်။ ရာဇသံကို (၇) ရက်အတွင်း ပြန်ကြားရမည်။ ချိန်းချက်သည့်ရက်က ကျူးလွန်ပိုမိုသော်လည်းကောင်း ရှိခဲ့လျှင် အလိုရှိရာ ပြုမည်ဖြစ်ကြောင်း

ဟူ၍ လွန်စွာမှရင့်သီးသော ရာဇသံပင် ဖြစ်လေတော့၏။

ထိုသို့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် စာလွှာများရေးခြင်းမှသည် သစ်ကိစ္စကိုအကြောင်းပြုကာ တတိယအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်လာရ၏။

အမှန်အားဖြင့်ဆိုရလျှင် သစ်ကိစ္စသည် အသေးအဖွဲပင်ဖြစ်၏။ အင်္ဂလိပ်သည် လွန်စွာမှမိုက်ရိုင်းကာ အရင်းရှင်စနစ် တည်ထောင်ကာ နယ်ချဲ့စစ်ပွဲ သို့မဟုတ် တတိယအကြိမ်စစ်ပွဲပင် ဖြစ်လေတော့၏။

❀ ❀ ❀

# ကုလားအုတ်

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာပြည်ကို အချိန်အများကြီး ယူကာ အပယ်သွင်းပြီးလျှင် တဖြည်းဖြည်းနှင့် ဝါးမျိုခဲ့လေတော့၏။

မြန်မာဘုရင်တို့သည် လွန်စွာမှ ရိုးသား၏။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ၏။ကျောချမှ ဓားပြမှန်းသိ၏။

နယ်ချဲ့ဗြိတိသျှအင်္ဂလိပ်တို့သည် သဲကန္တာရ ကုလား အုတ်နှင့် လွန်စွာမှ တူလေ၏။

သဲကန္တာရကကုလားအုတ်သည်ကား အောက်ပါအတိုင်း ပင် ဖြစ်လေ၏။

တစ်ခါက ကုလားအုတ်တစ်ကောင်သည် သဲကန္တာရ တစ်ခုသို့ ခရီးထွက်လာခဲ့လေ၏။

ခရီးတစ်ခုသို့ ကုလားအုတ်ရောက်သည့်အခါ မမျှော်လင့်ဘဲ သဲမုန်တိုင်းတိုက်လေတော့၏။ ထိုအခါ ကုလားအုတ်သည် သဲမုန်တိုင်းအန္တရာယ်မှ လွတ်အောင်ပြေးရလေတော့၏။

သို့သော် သဲမုန်တိုင်းမှာ လွန်စွာမှ ပြင်းထန်စွာတိုက်လေရာ ကုလားအုတ်မှာ ပြေးရင်းလွှားရင်း သဲကန္တာရအပြင်မှာ တဲအိမ်ငယ်လေးတစ်ခုကို တွေ့ရလေတော့၏။

ထို့ကြောင့် ကုလားအုတ်သည် ထိုတဲအိမ်ငယ်လေးသို့ သွားကာ ...

"တဲရှင် ခင်ဗျား ... ကျွန်ုပ် သဲမုန်တိုင်းတိုက်လို့ ခေါင်းလေး ဝင်ခွင့်ပြုပါ"

ဟု ကုလားအုတ်က ပြောလိုက်ရာ တဲရှင်က ကုလားအုတ်ကို သနားသဖြင့် ...

"ရပါတယ် ... ခေါင်းဝင်ခွင့်ပြုပါတယ်"

ဟု ခွင့်ပြုလိုက်လေ၏။

ထို့နောက် ကုလားအုတ်က ဘယ်ဘက်လက် ဝင်ခွင့်တောင်းပြန်၏။

တဲရှင်ကလည်း စေတနာကောင်းစွာဖြင့် ဝင်ခွင့်ပြုလိုက်ပြန်၏။

ကုလားအုတ်သည် ဘယ်ဘက်လက်မှ ညာဘက်လက်၊ နောက် ခြေထောက်၊ ခြေထောက်မှ တစ်ကိုယ်လုံး ဝင်ခိုလိုက်သည့်အခါ တဲအိမ်ရှင်မှာ အပြင်သို့ ထွက်နေရရှာလေတော့၏။

ဤသို့ဖြင့် နယ်ချဲ့ကား ကုလားအုတ်လိုမျိုး အင်္ဂလိပ်တို့သည် မြန်မာပြည်ကို ဝင်ရောက်လာခဲ့လေတော့၏။

ကမ္ဘာ့အရပ်ရပ်တွင် နယ်ချဲ့စနစ်ကြီးမှာ ပျော်ပျော်ပါးပါးကြီး အောင်ပွဲခံနေရခြင်းကို အထက်မြန်မာပြည်မှ မြန်မာ့လူစွမ်းကောင်းများ မည်သို့မျှ တားဆီးနိုင်စွမ်း မရှိတော့ချေ။

ထိုအကြောင်းတွေကို ပြန်လည်ဖော်ပြရန် လွန်စွာမှ ရင်နာစရာကောင်း၏။

သီပေါမင်းနှင့် စုဖုရားလတ်တို့၏ မကောင်းသောစိတ်ကြောင့် ဖြစ်ရ၏။

✿ ✿ ✿

## ဦးကောင်းလိမ်ထုတ် မင်းဆက်ပြုတ်

သီပေါဘုရင်မင်းထက် မိဖုရားစုဖုရားလတ်၏ ဓားထက် လွန်း လိုတာဖြစ်ရပြီး အုပ်ချုပ်ရေးမှာလည်း လွန်စွာမှ ညံ့ဖျင်းရ လေတော့၏။

ကင်းဝန်မင်းကြီးသော်လည်း တားဆီးနိုင်စွမ်းမရှိ။

“ဦးကောင်း လိမ်ထုတ် မင်းဆက်ပြုတ်”

ဟူသောစကားအရ ကင်းဝန်မင်းကြီးဦးကောင်း လော် လီဖောက်ပြား၍ ရန်သူအင်္ဂလိပ်ဘက်လိုက်သောကြောင့် ပါတော် မူရသည်ဟူ၍ ဖြစ်ရ၏။

"မှူးကြီးမတ်ငယ် မာလောနွယ်သို့
ဖက်ကွယ်လှည့်ဗိုက် သူ့ဘက်လိုက်၍
စရိုက်မောင်းငှဲ့ သစ္စာမဲ့ကြောင့် ..."

ဟူသော အလင်္ကာသည် ဆီးဘန်းနီဆရာတော်၏ လက်ရာဖြစ်၏။

ထိုစာနှင့်ပတ်သက်၍ မြန်မာမှူးမတ်များ အသားထဲက လောက်ထွက်၍ သစ္စာဖောက်သောကြောင့် သူ့ကျွန်ဖြစ်ရလေတော့၏။

ဘီဘီတီစီကုမ္ပဏီမှ စီးမျှောချလိုက်သော သစ်များကို ၁၈၈၅-ခု၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် အမိန့်တော်နှင့် အခွန်စာရေးဦးလှိုင်အပြင်၊ ပေါက်မြိုင်မြို့အုပ်ဟောင်း ဦးဘိုးမင်းတို့က စောင့်၍ စစ်ဆေးရ၏။

ကုမ္ပဏီထံမှ လာဘ်စားကြောင်း ထင်ရှားသဖြင့် တောင်ငူ၊ ရမည်းသင်း၊ နှစ်မြို့ဝန် သင်း သေနတ်ဗိုလ်အရာမှ ဦးကြီးကို နုတ်ကြောင်း သိရ၏။

လာဘ်စားငွေမှာ ငွေဒင်္ဂါးနှစ်သောင်းနှင့်ရွှေချိန်ငါးပိဿာ ဖြစ်သည်ဟုလည်း သိရ၏။

အထက်ပါလာဘ်စားခြင်းကိစ္စသည် မြန်မာ့သစ်ခေါင်းတို့

၏ လျှောက်ထားချက်ကို မူတည်၍ ဘုရင်မင်းမြတ်သည် ၎င်းတို့ စွဲဆိုချက် မှန်မမှန် ထောက်လှမ်းစုံစမ်းရန် လွှတ်တော်သို့ အမိန့်ချမှတ်လေရာ အင်္ဂလိပ်ကုမ္ပဏီမှ ခန့်အပ်ခြင်းခံရသူများနှင့်အတူ သူရဲစာရေး ဦးကူးအား တောင်ငူသစ်တောရုံးမှ မှတ်တမ်းများကို သွားရောက်ကူးယူစေ၏။

ထိုမှတ်တမ်းများကို ဖတ်ရှုရသည့်အခါ လွှတ်တော်အနေဖြင့် မြန်မာ့သစ်ခေါင်းများ လျှောက်ထားချက်နှင့်အညီ သဘောပေါက်လေ၏။

ထိုအခါ စွပ်စွဲချက်ကို သံတော်ဆင့် မဟာမင်းရာဇာသည် မြို့တိုက်တော်အတွင်း၌ ဖတ်ကြားလေ၏။ ကြားနာကြသူများမှာ ဝန်ရှင်တော် သေနတ်ဝန် လယ်ကိုင်းမြို့စားကြီး၊ ဝန်ရှင်တော် တောင်ခွင်မြို့စားမင်းကြီး အစရှိသည့် လူကြီးမင်းများ ပါရှိ၏။

ကုမ္ပဏီအပေါ် ထိမ်ချန်ထုတ်ယူသည့်သစ်လုံးရေ ၅၆၀၀ ကျော်ဖိုးအတွက် တောင်သင့်အကောက်နှုန်းအကျ ဒဏ်ငွေအဖြစ် ၂၃၀၀၀၀ ကျော် ပေးဆောင်ရန် အမိန့်ချမှတ်လိုက်လေတော့၏။

✿ ✿ ✿

## တင်းဝန်မင်းကြီးဦးကောင်း

ထိုသူသည် ၁၈၈၅–ခုနှစ်၊ တတိယမြန်မာ–အင်္ဂလိပ်စစ်ပွဲ ဖြစ်ပွားခြင်းနှင့်ပတ်သက်ပြီး ထိုသူလည်း ပါဝင်ပတ်သက်ခဲ့ဖူး၏။

ထိုသူသည်ကား တခြားသူမဟုတ်။ တတိယ မြန်မာ–အင်္ဂလိပ်စစ်ပွဲဖြစ်ခြင်းက ၎င်းကြောင့်ဟုစွပ်စွဲခံရသူပင် ဖြစ်၏။

"မှတ်ရစ်ပါလေ၊ မှာခဲ့ပေအံ့"

ဟူသော ဆီးဘုန်းနီဆရာတော်က၊ ရတုတောင်စပ်ဆိုခဲ့၏။

''မှူးကြီးမတ်ငယ်၊ မာလောနွယ်တို့
ဝှက်ကွယ်လှည့်ဝိုက်၊ သူဘက်လိုက်၍
စရိုက်စောင်းငဲ့၊ သစ္စာမဲ့ကြောင့်''

ဟူကား ထိုသူအား တိုက်ရိုက်ရည်ညွှန်း ထိုးနက်ထား လေ၏။

ထိုတင်မကသေး မိဖုရားခေါင်ကြီးကဆိုလျှင် ထိုသူအား

• • •

''သတ္တိမရှိလျှင် ထဘီဝတ်ထား''

ဟုဆိုကာ လွန်စွာမှစိတ်ဆိုး၍ အမျိုးသမီးအသုံးအဆောင်များ ပေးပို့လိုက်လေတော့၏။

ထိုသူသည်ကား ကင်းဝန်မင်းကြီးဦးကောင်းပင် ဖြစ်၏။ ရတနာပုံခေတ်နှောင်းအချိန်ကာလက လွန်စွာမှ အထူးထင်ရှားသည့် နန်းတွင်း ထိပ်တန်းအရာရှိကြီးတစ်ဦးပင် ဖြစ်ရလေတော့၏။

''ဦးကောင်းလိမ်ထုတ် သီပေါပြုတ်''

ဟူသော စကားသည်လည်းကောင်း၊ သီပေါဘုရင်နှင့် စုဖုရားလတ်တို့ ပါတော်မူခဲ့ကြသည်မှာလည်း ကင်းဝန်မင်းကြီး

ဦးကောင်းကြောင့်ဟု နန်းတွင်းသူ နန်းတွင်းသားတို့က စွပ်စွဲကြကုန်၏။

ကင်းဝန်မင်းကြီးသည် အင်္ဂလိပ်နယ်ချဲ့တို့နှင့်ပေါင်းကာ မြန်မာဘုရင်နှင့် မိဖုရားတွေအား သစ္စာမဲ့စွာနှင့် လိမ်ထုတ်သွားသူဟူ၍လည်း ပြောကြကုန်၏။

ကင်းဝန်မင်းကြီးဦးကောင်းကမူ ...

"သီပေါမင်းပါတော်မူရတာ မိမိကြောင့် မဟုတ်ပါဘူး"

ဟုဆိုကာ "မန်းမကိုဠ်မှာလ" ဆိုသော လေးချိုးနှင့်ပင် ပြန်လည်ချေပ တုံ့ပြန်ခဲ့ရလေ၏။

သို့သော် ကင်းဝန်မင်းကြီးဦးကောင်းအပေါ် နယ်ချဲ့အင်္ဂလိပ်တွေကို လိုလားသူဟူ၍ နန်းတွင်းအသိုင်းအဝိုင်းက လွန်စွာမှ အမြင်မကြည်လင်ကြချေ။

ထို့ကြောင့် ကင်ဝန်မင်းကြီးဦးကောင်းက ၎င်း၏လေးချိုးမှာ -

"အစဉ်အလာမင်းသုံး ရွှေးကျင့်ထုံးကို
အလုံးပစ်လွဲ ငွေနှင့်မြှုလျှင် လူပေပဲ"

ဟုဆိုသော စာသားအချို့ပါ၏။

"ရှေ့ဆောင်နွားကြောင့် နောက်သားတစ်သိုက်၊ လမ်းကောင်းလိုက်သို့"

ဟုဆိုသော စာသားတွေလည်း ပါဝင်လေ၏။

✵ ✵ ✵

## ကင်းဝန်မင်းကြီးကို ဘာကြောင့် အပြစ်မြင်ကြတာလဲ

ကင်းဝန်မင်းကြီးဦးကောင်းကို အရှင်နှစ်ပါးနှင့် နန်းတွင်းအသိုင်းအဝိုင်းက ဘာကြောင့်မလိုမုန်းထားကြတာလဲဆိုသည်မှာ . . .

ဦးကောင်းသည် နိုင်ငံခြားတိုင်းပြည်တွေကို နှစ်ကြိမ်တိုင်လှည့်လည်ဖူး၏။

ဦးကောင်းသည် အနောက်နိုင်ငံတွေ၏ စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးနေခြင်းကိုလည်းကောင်း၊ ခေတ်မီတိုးတက်နေခြင်းကိုလည်းကောင်း၊ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည့်အတွက်

လွန်စွာမှ သံဘောကျသူဖြစ်၏။

မြန်မာပြည်ကိုလည်း ၎င်းတို့ကဲ့သို့ တိုးတက်စေချင်သည့် စိတ်ဆန္ဒတွေရှိသော်လည်း အခြေအနေက ဦးကောင်းဘက်တွင် တစ်စုံတစ်ယောက်မှ မရှိသဖြင့် လက်လျှော့ထားရလေ၏။

ပါတော်မူပြီးနောက်ပိုင်းတွင် မြန်မာပြည်ကို ဗြိတိသျှတို့က အုပ်ချုပ်လေ၏။ ထိုအခါတွင် ဗြိတိသျှအစိုးရက ကင်းဝန်မင်းကြီး ဦးကောင်းအား တိုင်ပင်ခံအမတ်အဖြစ် ရာထူးရာခံများနှင့် ဆက်လက်ခံစားခွင့် ရရှိခဲ့လေတော့၏။

ကင်းဝန်မင်းကြီးဦးကောင်း ကွယ်လွန်သွားသည့်အခါ ဗြိတိသျှအစိုးရက ရှုံးပိတ်ရက်အဖြစ် သတ်မှတ်ပြီးလျှင် ၎င်း၏ ရှာပနအခမ်းအနားတွင် စစ်ဘင်ခရာတပ်ဖွဲ့နှင့် ခမ်းနားစွာ ပြုလုပ်ခဲ့၏။

ထို့ကြောင့် မြန်မာပြည်သူအချို့က ကင်းဝန်မင်းကြီး ဦးကောင်းအပေါ် ပိုမို သံသယတွေ များခဲ့လေတော့၏။

✵ ✵ ✵

# သမိုင်းမှတ်တိုင်

ကင်းဝန်မင်းကြီးဦးကောင်းသည် လွန်စွာမှ စိတ်ကောင်းနှလုံးလှသူတစ်ဦးဖြစ်၏။

သမိုင်းစာမျက်နှာအရ စိတ်ရင်းစေတနာ လွန်စွာမှ မှန်ကန်သည့်အတွက် ကင်းဝန်မင်းကြီးဦးကောင်းဆိုသူသည် သမိုင်းမှတ်တိုင် စိုက်ထူခဲ့သူဖြစ်၏။

သမိုင်းစာမျက်နှာပေါ်တွင် ကင်းဝန်မင်းကြီးဦးကောင်းဟူသောနာမည်တစ်လုံး ကျန်ရစ်ခဲ့လေ၏။

အများက မလိုမုန်းထားကာ မရေမရာသည့် စွပ်စွဲချက်

တွေ့နှင့် မည်သို့ပင် ပြောဆိုခဲ့ကြသော်လည်း ကင်းဝန်မင်းကြီး ဦးကောင်းသည် မြန်မာပြည်နှင့် မြန်မာလူမျိုးတို့အတွက် အကျိုး ဖြစ်ထွန်းမည့် စာပေများစွာကို ပြုစုခဲ့သည့် စာပေပညာရှင်ကြီး တစ်ဦးပင် ဖြစ်၏။

ကင်းဝန်မင်းကြီး စုဆောင်းခဲ့သော ရှေးဟောင်းကျမ်း အဆူဆူများသည် ယနေ့အထိ လေ့လာမှတ်သား၊ ကိုးကား အလေးထားနေကြဆဲပင် ဖြစ်၏။

*၂၀၀၀၊ မေလထုတ် သရုပ်ပါမဂ္ဂဇင်းမှ ဆရာတင်နိုင်တိုး၏ "ကင်းဝန်မင်းကြီးဦးကောင်း" ဆောင်းပါးမှ မှီပါသည်။*

✵ ✵ ✵

## ငိုချင်ရဲ့လက်တို့

**အင်္ဂလိပ်–မြန်မာ တတိယစစ်မဖြစ်မီ အထက်မြန်မာနိုင်ငံတော်၏အခြေအနေ**

၁၈၈၅–ခုနှစ်တွင် အင်္ဂလိပ်–မြန်မာ တတိယစစ်ဖြစ်ခဲ့၏။ ထိုစစ်ဖြစ်လုဆဲဆဲအချိန်တွင် အထက်မြန်မာနိုင်ငံတော်၏ အခြေအနေမှာ အောက်ပါအတိုင်းပင် ဖြစ်လေတော့၏။

**အရည်အချင်းမရှိသူများ ဘုရင့်အပေါ်တွင် ဩဇာဖုံးလွှမ်းနေခြင်း**

ထိုအချိန်တွင် မင်းတုန်းမင်းကြီး၏သားတော် သီပေါမင်း နန်းစံလျက်ရှိ၏။ သီပေါမင်းသည် ရှင်လူထွက်ဖြစ်၍ ထက်ထက်မြက်မြက် မရှိချေ။ မိဖုရားခေါင်ကြီးနှင့် အလိုတူ မှူးတော်မတ်တော်များ၏ဩဇာ ဖုံးလွှမ်းလျက်နေလေ၏။

လုပ်ရည်ကိုင်ရည်နှင့် ပြည့်စုံသော "ရေနံချောင်းဝန်ကြီး" "ရွှေပြည်ဝန်ကြီး" စသော ပညာအမြော်အမြင်နှင့် ပြည့်စုံသော ဝန်ကြီးများကို ရာထူးမှချထားပြီးလျှင် မိဖုရားခေါင်ကြီးနှင့် အလိုတူသောသူများကို ဝန်ကြီးခန့်ထားသည့်အတွက် အရည်အချင်းလွန်စွာမှ ညံ့ဖျင်းသော မှူးမတ်များသာ တွယ်ကျယ်လို့နေလေတော့၏။

**ထီရုံများဖွင့်လှစ်ခြင်း**

နေပြည်တော်တွင် ထီရုံများဖွင့်လှစ်ကာ တစ်နေ့လျှင် ဆယ်ကြိမ်ကျ ထီဖွင့်လေ၏။ ထိုထီများမှာ အကောက်ငွေများစွာ ရရှိသော်လည်း တိုင်းသူပြည်သားတို့သည် ထီကိုသာ ဂရုစိုက်ပြီး နေကြသဖြင့် စီးပွားရေး၌ လွန်စွာမှ ဆုတ်ယုတ်ပျက်စီးလျက်

ကြွေးတင်ခြင်း၊ တရားတဘောင်ဖြစ်ခြင်း၊ နိုးသားဓားပြထူခြင်း စသောမကောင်းကျိုးများ ပေါ်ပေါက်လာသောကြောင့် မကြာမီမှာပင် ထီရုံးများကို ပိတ်သိမ်းလိုက်ရလေတော့၏။

**လူဆိုးဓားပြများ ပေါများခြင်း**

စစ်ကိုင်းခရိုင်၊ အလုံ-တပယင်းနယ်တို့တွင် လူဆိုးဓားပြများတို့က အစည်းအရုံးအင်အားကောင်းကောင်းနှင့် ထကြွသောင်းကျန်းနေရာ အစိုးရက ငြိမ်ဝပ်ပိပြားအောင် မနှိမ်နင်းဘဲရှိသောကြောင့် လူဆိုးတို့သည် မြို့၊ ကျေးလက်၊ ကျေးရွာများကိုထင်သလို တိုက်ခိုက်ဖျက်ဆီးလျက်နေကြသဖြင့် တိုင်းသူပြည်သားများ လွန်စွာမှ စိတ်ဆင်းရဲကြရလေ၏။

နေပြည်တော်အတွင်း၌ပင် နိုးသားဓားပြများ သောင်းကျန်းလျက်နေသော်လည်း မှူးမတ်အရာရှိတို့၏ လွန်စွာညံ့ဖျင်းမှု၊ အဂတိလိုက်စားမှုတို့ကြောင့် လူဆိုးများကို မမိချေ။

ဖမ်းမိသော နိုးသားဓားပြတို့လည်း အပြစ်ပေးမခံရဘဲ လွတ်မြောက်သည်က များလှလေ၏။

**မြန်မာ–အင်္ဂလိပ် ဆက်ဆံမှု မပြေပြစ်ခြင်း ၊**

၁၈၇၈–ခုနှစ်သည် သီပေါမင်း နန်းတက်စအချိန်ဖြစ်၏။ ထိုအချိန်၌ အင်္ဂလိပ်မင်းနှင့် ချစ်ကြည်ရေးရရှိရန် သဝဏ်လွှာများ အပြန်အလှန်ပေးပို့သော်လည်း မကြာမီပင် အင်္ဂလိပ်တို့နှင့် မသင့်မတင့် ဖြစ်လာလေတော့၏။

ထိုခေတ် ထိုအချိန်တွင် "ပြင်သစ်" တို့သည် အိန္ဒိယပြည်တွင် မိမိတို့လက်လွှတ်ခဲ့ရသော ညြဇာအာဏာ (အ.ခ.)တိုးရန် အင်ဒိုချိုင်းနားကျွန်းဆွယ်အရှေ့ပိုင်းရှိ ကိုချင်ချိုင်းနားနယ်၊ အာနမ်နယ်တို့ကို သိမ်းသွင်းလျက် ရှိလေ၏။

မြန်မာမင်းပိုင် အထက်နိုင်ငံကိုလည်း တဖြည်းဖြည်း မိမိတို့လက်အတွင်းသို့ရောက်ရန် ကြံစည်ရည်ရွယ်ချက်လည်း ရှိလေ၏။ အောက်မြန်မာပြည်ကိုမူ သိမ်းယူထားသော အင်္ဂလိပ်တို့သည် ပြင်သစ်တို့၏ ရည်ရွယ်ချက်အကြံအစည်များကို သိကြ၏။

ထို့ကြောင့် အထက်မြန်မာပြည်ကို ပြင်သစ်လက်အောက်သို့ မကျရောက်မီ အင်္ဂလိပ်တို့က ဦးစွာသိမ်းယူရန် အကြံရှိကြကုန်၏။

မြန်မာက ပြင်သစ်ကို အရေးပေးခြင်း

ထိုသို့ အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် မြန်မာမင်းပိုင်နယ်များကို မိမိတို့ပိုင်နယ်အဖြစ် သိမ်းသွင်းရန် ကြံစည်အားထုတ်နေစဉ်မှာ သီပေါမင်းနှင့် မိဖုရားခေါင်ကြီး၊ မှူးကြီးမတ်ကြီးတို့သည် အင်္ဂလိပ်တို့ကို မလိုလားကြချေ။

ပြင်သစ်ကိုသာ လိုလား၍ ပိုမိုအခွင့်အရေးပေးကြကုန်၏။ မြန်မာတပ်များတွင်လည်း ပြင်သစ်အရာရှိများကို ဆရာတင်ပြီး သေနတ်အပစ်အခတ်၊ စစ်အခင်းအကျင်း စသည်တို့ကို သင်ကြားပြသစေ၏။

ပြင်သစ်နိုင်ငံသို့လည်း မြန်မာသံများစေလွှတ်၍ ၁၈၈၅-ခုနှစ်တွင် ပြင်သစ်အစိုးရနှင့် စာချုပ် လက်မှတ်ရေးထိုးကြလေ၏။

ထိုစာချုပ်ပါ အချက်အလက်အတိုင်း လိုက်နာဆောင်ရွက်လျှင် မကြာမီ ပြင်သစ်တို့သည် မြန်မာအစိုးရအပေါ်တွင် လုံးဝ ဩဇာလွှမ်းမိုးပြီး တိုင်းပြည်ကိုပင် သိမ်းယူနိုင်လောက်သော အခြေအနေသို့ ရောက်သွားမည်။

ထိုစာချုပ် မြန်မာ-ပြင်သစ် လက်မှတ်ရေးထိုးသည့် အကြောင်းကို အင်္ဂလိပ်တို့ကြားသိသောအခါ မြန်မာမင်း၏ နိုင်ငံတော်ကို အပြီးသိမ်းယူရန် ဆုံးဖြတ်ကြလေတော့၏။

## အင်္ဂလိပ်တို့က မြန်မာတို့အား အပြစ်ရှာခြင်း

အထက်ပါအတိုင်းဖြစ်ရင်းက အင်္ဂလိပ်တို့သည် ချက်ကောင်းရှာကာ မြန်မာအစိုးရပြုမူပုံကို အမြဲတမ်း တစ္စေ့တစောင်း အပြစ်တင်လို့ နေလေတော့၏။

သီပေါမင်းနန်းတက်သောနှစ်တွင် ထီးနန်း၏အန္တရာယ်ဖြစ်သော မင်းညီမင်းသားတို့အား ကွပ်မျက်ခြင်းကို ဗာရာဏသီချဲ့၍ အပြစ်တင် ပြောဆိုလေတော့၏။

မန္တလေးမြို့တွင်ထားရှိသော အင်္ဂလိပ်အရေးပိုင်ကိုယ်စားလည်ကိုလည်း ပြန်ခေါ်လိုက်လေ၏။

ထို့နောက် မြန်မာပိုင်နယ်အတွင်းရှိ အင်္ဂလိပ်လူမျိုးတို့ကို ညှဉ်းပန်းနှိပ်စက်သည်ဟုဆိုကာ ရမယ်ရှာ၍ ပြောဆိုကြကုန်၏။

ထိုသို့ဖြစ်နေစဉ် –

"ဘုံဘေဘားမားကုမ္ပဏီ" ကိစ္စတစ်ခု ပေါ်ပေါက်လာလေတော့၏။

ရရှိသောအခွင့်အရေးကို လက်လွှတ်မခံသော အင်္ဂလိပ်တို့သည် ထိုကိစ္စအတွက် မြန်မာမင်းထံက ခွင့်မပြုသော တောင်းဆိုချက်တစ်စုံတစ်ခုကို တောင်းလေတော့၏။

ထိုတောင်းဆိုချက်များကို တောင်းဆိုပြီးလျှင် မရပါလျှင်

အင်္ဂလိပ်တို့က ၎င်းတို့၏ အစီအစဉ်အတိုင်း စစ်ကြေညာလေတော့၏။

ဤသည်ကား ...

အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ မဖြစ်မီ အထက်မြန်မာနိုင်ငံတော်၏ အခြေအနေ အဖြစ်အပျက်များပင် ဖြစ်လေတော့သတည်း။

*ဆရာကြည်၏ "မြန်မာရာဇဝင်သိအပ်ဖွယ်ရာအဖြာဖြာ"*

✵ ✵ ✵

## သီပေါမြို့စား

မြန်မာသက္ကရာဇ် ...

၁၂၄၀–ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၇) ရက် ...

(၁၈၇၈–ခု၊ အောက်တိုဘာလ ၂–ရက်) ဗုဒ္ဓဟူးနေ့တွင် မင်းတုန်းမင်းတရားကြီး၏ ထီးနန်းအရိုက်အရာကို သီပေါမင်းသားက ဆက်ခံကာ ကုန်းဘောင်မင်းဆက် (၁၁) ဆက်မြောက်မင်းအဖြစ် နန်းတက်ခဲ့လေ၏။

သီပေါမင်း နန်းတက်ခဲ့ရသည်။

ရှင်ဘုရင်ဖြစ်ခဲ့ရသည့်အတွက် အများစုက လွန်စွာမှ

တအံ့တသြဖြစ်ကြကုန်၏။

သီပေါမင်း ရှင်ဘုရင်ဖြစ်လိမ့်မည်ဟု မည်သူကမှ မမျှော်လင့် မထင်ထားကြချေ။

သီပေါမင်းသည် အင်္ဂလိပ်ကျောင်းထွက် မင်းသားတစ်ပါးက မြန်မာ့ထီးနန်းကို ပထမဦးဆုံး သိမ်းပိုက်အုပ်ချုပ်လိုက်သောကြောင့် ဖြစ်လေပြန်၏။

သီပေါမင်းသားကို ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးနှင့် သီရိမဟာ မင်္ဂလာ သုမဘာဒေဝီဘွဲ့ခံ လောင်းရှည် မိဖုရား (နန္ဒာဒေဝီ) တို့မှ သက္ကရာဇ် ၁၂၂၀-ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် (၁၂) ရက်၊ (၁၈၅၉၊ ဇန်နဝါရီ ၁ ရက်) စနေနေ့၌ ဖွားမြင်ခဲ့၏။

ငယ်နာမည်မှာ မောင်မျိုးဆက်ဖြစ်၏။

ခမည်းတော် မင်းတုန်းမင်းတရားကြီးသည် သားတော် မောင်မျိုးဆက်၊ အသက် (၅) နှစ်အရွယ် (၁၈၆၄၊ ဧပြီလ ၂၄ ရက်) နေ့တွင် သီပေါမြို့ကို မြို့စားအရာ ပေးအပ်သည်မှစ၍ သီပေါမင်းသားဟူ၍ ဖြစ်လာခဲ့၏။

သီပေါမင်းသား၏မယ်တော် လောင်းရှည်မိဖုရားအား ...င်းတုန်းမင်းတရားကြီးက စိတ်အခန့်မသင့်၍ အိမ်နိမ့်ချထားစဉ်

သီပေါမင်းသားမှာ တပယ်မင်းသား၏ အိမ်တော်၌ ငြိုငြင်စွာနေခဲ့ရလေ၏။

✹ ✹ ✹

## သာယာဝတီ ဗျိုင်းကလေး

သာယာဝတီ ဗျိုင်းကလေးဆိုသည်မှာ မင်းတုန်းမင်း တရားကြီး၏သားတော် သီပေါမင်းသားနှင့် နို့စို့ဘက်ဖြစ်လေ၏။

ထိုသာယာဝတီဗျိုင်းကလေး၏ နာမည်အရင်းမှာ မောင်မောင်ဘဟူ၍ ဖြစ်ပြီး အများစုက ၎င်းအား ရှင်ဘုရင်ဖြစ်လိမ့်မည်ဟု ထင်ထားကြလေ၏။

သာယာဝတီဗျိုင်းကလေး၏ မိခင်မှာ ဝန်ကတော် ဒေါ်ပူးစေ့ဖြစ်ပြီး သီပေါမင်းသားကို နို့တိုက်ရလေ၏။

သာယာဝတီမျိုးကလေး၏ဖခင်မှာ ဦးမင်းငွေတောင် ဖြစ်၏။

သာယာဝတီမျိုးကလေးသည် စစ်ကိုင်းအနောက် မြင်းမွေးရွာဇာတိ ဖြစ်၏။

ကုလားဝင်သော် ကုလားကိုတိုက်မည်ဆိုကာ တောခို၏။ တောခိုပြီး စစ်ကိုင်းမြင်းမွေးမရွာ သာဒွန်းကျောင်းထဲ၌ နေ၏။

သာဒွန်းကျောင်းထဲမှာ မျိုးကလေး (မင်းသား) ရှိသည်ဟု သတင်းကြားသည့် အင်္ဂလိပ်က တစ်ထောင်တပ်နှင့် သာဒွန်းကျောင်းကိုဝိုင်း၏။

စစ်တပ်ဝိုင်းသောအခါ မင်းသားက ဆံပင်ဖားလျားချပြီး ကိုယ်ပျောက်သွားလေ၏။

သာယာဝတီမျိုးကလေး (မင်းသား) က ကိုယ်ပျောက်၏။ဓားပြီး၏။ ခုန်နိုင် ပျံနိုင်၏။

လွန်စွာမှထူးဆန်းသော ထူးခြားသည့်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေ၏။

ကောင်းမှုတော်ဘုရားတံတိုင်းကိုလည်း ခုန်ပျံနိုင်စွမ်းရှိ၏။ မင်းသား တောထဲမှာနေစဉ် ထမင်းအုပ်အလိုအလျောက် ရောက်လာ၏။

မင်းသား၏နောက်လိုက် ဝန်ကြီး အမတ်တို့ ဖြစ်ကြသည့် ဦးသက်ပြင်း၊ ဦးသံချိုင့်တို့က သာယာဝတီဗျိုင်းကလေး (မင်းသား) အား ရှင်ဘုရင်ဖြစ်လိမ့်မည်ဟု ထင်ထားကြသလို သာယာဝတီဗျိုင်းကလေးကိုယ်တိုင်ကလည်း ရှင်ဘုရင်ဖြစ်မည်ဟု ထင်ထားလေ၏။

သာယာဝတီဗျိုင်းကလေး ဖြစ်လာခြေင်းအကြောင်းရင်းမှာ သာယာဝတီနယ်မှ သူပုန်ထသူများမှာလည်း ၎င်း၏လူများပင် ဖြစ်သည်။

မင်းသားသည် အရပ်မှာ လွန်စွာမှ ရှည်၏။ ဗျိုင်းတစ်ကောင်လိုပင်ဖြစ်၏။

ထို့ကြောင့် သာယာဝတီဗျိုင်းကလေးဟု အမည်တွင်လေ၏။

မင်းသားကို သာယာဝတီဗျိုင်းကလေးအပြင် ရှင်တော်ကုန်းတိုက်စား မောင်မောင်ဘဟူ၍လည်း လူသိများ၏။

မင်းသားသည် မျိုးချစ်စိတ်ရှိသူလည်းဖြစ်၏။

အင်္ဂလိပ်အစိုးရက ပင်စင်ပေးမည်ဟုပြောသည့်အခါ ၎င်းက ကန့်ကွက်၏၊ ၎င်းသည် တော်လှန်ရေးပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်၏။

သာယာဝတီမျိုးကလေး သေခါနီးတွင် ...

"ကုလားတွေ လာပြန်ပြီ ဓားဒတွေပေး၊ တုတ်တွေပေး"

ဟု ပြောကာ အသက်ထွက်သွားလေ၏။

✵ ✵ ✵

## သီပေါမင်း၏မိဖုရားများ

သီပေါမင်း၏ ထင်ရှားသောမိဖုရားများမှာ စုဖုရားလတ်၏ အစ်မအရင်း မိုင်းနောင်မိဖုရားကြီးနှင့် စုဖုရားလတ်၏ ညီမအရင်း ရမည်းသင်းစုဖုရားလတ်တို့ ဖြစ်ကြလေ၏။

မိုင်းနောင်မိဖုရားကြီးသည် ၁၈၅၄–ခု၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် မွေးဖွားခဲ့၏။

ထိုသို့ လက်ထပ်ထိမ်းမြားစဉ် ညီမတော် စုဖုရားလတ်က စုဖုရားကြီးအနီးတွင် လွှန်စွာမှ ရဲဝံ့စွာဝင်ထိုင်ကာ မိဖုရားခေါင် အရာကို ရအောင်ယူခဲ့လေ၏။

သီပေါမင်းတရားမှာ စုဖုရားကြီးနှင့် ထိမ်းမြားလက်ထပ်ခဲ့သော်လည်း မြတောင်မိဖုရား စုဖုရားလတ်နှင့်ပင် တရားဝင်မိဖုရားဖြစ်ခဲ့ရလေတော့၏။

မိုင်းနောင်စုဖုရားကြီးသည် သီပေါမင်းပါတော်မူပြီးနောက် မယ်တော်ဆင်ဖြူမရှင်နှင့်အတူ ထားဝယ်မြို့သို့ လိုက်ပါသွားခဲ့ပြီး ၁၉၁၂-ခု၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် မင်းကွန်း၌ သီလရှင်ဝတ်ဖြင့် ကံကုန်ခဲ့လေ၏။

ရမည်းသင်း စုဖုရားလေးကို ၁၈၆၂-ခုနှစ်တွင် မန္တလေးမြို့၌ မွေးဖွား၏။ သီပေါမင်းပါတော်မူခါနီး၌ မြင်ကွန်းမင်းရန်ကြောင့် စုဖုရားလတ်ကပင် ပေးစားထိမ်းမြားပေးလိုက်ခလေ၏။

၁၉၁၂-ခု၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် စုဖုရားလေးသည် အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့၌ ကံကုန်ခဲ့လေ၏။

သီပေါမင်းနှင့်ပတ်သက်ခဲ့သည့် မိဖုရားငယ်တစ်ပါးမှာ ဒိုင်းခင်ခင် ဖြစ်လေ၏။

ဒိုင်းခင်ခင်ဆိုသူမှာ ခန်းပတ်ဝန်ကြီး ဦးရွှေမောင်၏မြေး ဒိုင်းအတွင်းဝန် ပုဂံမြို့စားမင်းကြီး မဟာမင်းခေါင်နန္ဒကျော်ထင် ဦးဘိုးကြီး၏သမီးဖြစ်ပြီး ဒိုင်းပန်ကတော်ကြီး၏ မောင်မှမွေးသော တူမကို သမီးအဖြစ် မွေးစားခဲ့၏။

ဒိုင်းခင်ခင်မှာ အာဃာရှင် စုဖုရားလတ်၏ ဩဇာအာဏာကို မလွန်ဆန်နိုင်သောကြောင့် ၁၈၈၂-ခုနှစ်တွင် ဒိုင်းခင်ခင်လုပ်ကြံခံရရှာ၏။

ထိုစဉ်က ဒိုင်းခင်ခင်မှာ အသက် (၁၈) နှစ်အရွယ်သာ ရှိသေး၏။

✵ ✵ ✵

## ရာထူးမှ နုတ်ပယ်ခြင်းခံရသည့် ခန်းပတ်မင်းကြီး
## (မြန်မာ ၁၁၈၂-၁၂၃၈)

ခန်းပတ်မြို့စား ဖြစ်ခဲ့သောကြောင့် ခန်းပတ်မြို့စားကြီးဟု လွန်စွာမှ ထင်ရှားလေ၏။

ခန်းပတ်မင်းကြီးနှင့် ခေတ်ပြိုင်လွှတ်တော်ဝန်ကြီး (၄) ပါးရှိလေ၏။ ၎င်းတို့မှာ -

၁။ ပုခန်းဝန်ကြီး

၂။ လောင်းရှည်ဝန်ကြီး

၃။ ရေနံချောင်းမင်းကြီး

၄။ ခန်းပတ်မင်းကြီး

တို့ ဖြစ်လေ၏။

ထိုမင်းကြီး (၄) ပါးအနက် ခန်းပတ်ဝန်ကြီးမှာ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်အထိ မင်းဆက် (၄) ဆက်တိုင်တိုင် အမှုတော်ထမ်းခဲ့သောပုဂ္ဂိုလ်ကြီး ဖြစ်လေ၏။

ပခန်းမှာလေ လောင်းရှည်မှာခါး။
ခန်းပတ်မှာနား ရေနံ့တတိုင်း
ချင်းရယ်နှင့် လင်းပါ့မလား

ဟုဆိုသော စာချိုးအတိုလေးမှာ ဗန်းမော်ဆရာတော် ရေးစပ်ထားခြင်း ဖြစ်လေ၏။

ထိုစာချိုးလေးမှာ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ထင်ပေါ်ကျော်စောခဲ့လေ၏။

ထိုစာချိုးလေးမှာမူ လွှတ်တော်ဝန်ကြီး (၄) ပါးတို့၏ အကြောင်း၊ ဗန်းမော်ဆရာတော်က ပြက်ရယ်ပြုကာ ချိုးထားသော စာပင်ဖြစ်လေ၏။

စာချိုး၏အဓိပ္ပာယ်မှာ –

ပခန်းဝန်ကြီးမှာ လေနာရောဂါရှိ၏။ လောင်းရှည်ဝန်ကြီးမှာ ၁၂၂၈–ခုနှစ်က မြင်ကွန်းနှင့် မြင်းခုံမင်းသားတို့ နန်းတွင်း

ပုန်ကန်စဉ်က ခါးထိဖူး၏။ ခန်းပတ်မင်းကြီးမှာ နားလေး၏။

ထို့ကြောင့် ရေနံချောင်းမင်းကြီး တစ်ပါးတည်းနှင့် အမှုတော် ကုန်စင်အောင် ထမ်းဆောင်နိုင်ပါ့မည်လားဟူသော စာချိုးထားခြင်း ဖြစ်လေတော့၏။

ခန်းပတ်မင်းကြီးမှာ မြန်မာစာပေအဓိကရုဏ်း အနှုန်းအဖွဲ့တို့တွင် ကောင်းမွန်သည်သာမက အင်္ဂလိပ်စာ၊ ပြင်သစ်စာတို့ကိုလည်း တတ်မြောက်ကျွမ်းကျင်၏။

ထိုမင်းကြီးသည် ထိုခေတ်ထိုအခါက လွန်စွာမှ အင်္ဂလိပ်စကားပြောကောင်းသူတစ်ဦးဟု ထင်ရှားခဲ့လေ၏။

ခန်းပတ်မင်းကြီး၏ဖခင်ဖြစ်သူ အတွင်းဝန်မင်း ဦးရန်ငူးဖြစ်သည်။ ဘကြီးတော်ဘုရားလက်ထက်က စစ်သူကြီး မဟာဗန္ဓုလနှင့်အတူ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကို ပါဝင်တိုက်ခဲ့သူလည်း ဖြစ်လေ၏။ သန်လျင်တိုက်ပွဲတွင် ကျဆုံးခဲ့လေ၏။

ခန်းပတ်မင်းကြီးကို သက္ကရာဇ် ၁၁၈၂-ခုနှစ်တွင် အင်းဝမြို့၌ ဖွားမြင်ခဲ့လေ၏။

ငယ်အမည်မှာ ဦးရွှေမောင်ဖြစ်လေ၏။ ဦးရွှေမောင်သည် သင်ရိုးသင်တန်း ကျမ်းဂန်များကို သင်ကြားတတ်မြောက်ခဲ့ပြီးနောက် သာယာဝတီမင်းထံတွင် အမှုတော်ထမ်းရွက်ခဲ့လေ၏။

၁၂၀၃–ခုနှစ်တွင် သာယာဝတီမင်းသည် ရန်ကုန်မြို့သို့ စုန်တော်မူပြီးနောက် ရွှေတိဂုံစေတီတော်တွင် ရွှေယက်နီးကပ်လှူ၍ ခေါင်းလောင်းတော်ကြီး သွန်းလုပ်လှူဒါန်းတော်မူစဉ်က ၎င်းသည် လွှတ်တော်စာရေးကြီးအဖြစ် လိုက်ပါအမှုထမ်းခဲ့ရလေ၏။

သာယာဝတီမင်း၏သားတော် ပုဂံလက်ထက်၌ ရတနာသိဃ်မြို့တွင် ဝန်ထောက်မိုးလေးဆယ်၊ ဒိုင်းဝန်ရာထူးဖြင့် ချီးမြှင့်ခန့်ထားခြင်း ခံရလေ၏။

ထို့နောက် ခန်းပတ်မြို့စားအတွင်းဝန် ဝင်းဒိုင်းခုနစ်စုဆိုင်ရာ ဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရပြန်၏။

မင်းတုန်းမင်းတရားကြီး မကျွန်းမဟာရှိနေအိုက် ဆင်ဖြူမရှင် မိဖုရားခေါင်ကြီးနှင့် တိုင်ပင်၍ သီပေါမင်းသားအား အိမ်ရှေ့မင်းသားအရာ တင်မြှောက်ကြသည့် မှူးမတ်တော်ကြီးများအထဲတွင် ခန်းပတ်မင်းကြီးလည်း တစ်ဦးအဖြစ် ပါဝင်ပတ်သက်ခဲ့ဖူးလေ၏။

သီပေါမင်းလက်ထက်တွင် ခန်းပတ်မင်းကြီးသည် သတိုးမင်းကြီး သီရိမဟာမင်းခေါင် ဥဇနာဘွဲ့ရသဖြင့် အမှုတော်ကို ဆက်လက်ထမ်းရွက်ခဲ့ရသေး၏။

သို့သော် ခန်းပတ်မင်းကြီးသည် အထက်က ရာထူး

စည်းစိမ်ကို ကြာရှည်ခံစားရ၏။ အမှုမထမ်းရသေးခင် ရာထူးမှ နုတ်ပယ်ခြင်း ခံရရှာလေတော့၏။

ခန်းပတ်မင်းကြီး ရာထူးမှ နုတ်ပယ်ခံရခြင်းအကြောင်းမှာကား သီပေါရှင်ဘုရင်နှင့် ဒိုင်းခင်ခင်တို့၏ ချစ်ကြိုက်ရည်ငံနေခြင်းအတွက် အာဏာရှင်မိဖုရား စုဖုရားလတ် သိသွားလေသောအခါ ဒိုင်းခင်ခင်နှင့်တကွ ဆွေမျိုးအားလုံးတို့မှာ သုတ်သင်ကွပ်မျက်ခြင်းခံရပြီးလျှင် ခန်းပတ်မင်းကြီးမှာ ဒိုင်းဝန်မင်း၏ဖခင်ဖြစ်ပြီး ဒိုင်းခင်ခင်၏ အဘိုးဖြစ်သော်လည်း လွန်စွာမှ ကံကောင်းထောက်မသဖြင့် ကွပ်မျက်ခြင်းမခံခဲ့ရသော်လည်း ရာထူးမှ နုတ်ပယ်ခြင်း ခံရလေတော့၏။

မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှအစိုးရတို့က မတရားသိမ်းပိုက်ပြီးနောက် ခန်းပတ်မင်းကြီးအား ရိက္ခာတော်တစ်လတစ်ရာကျပ်မျှ ထောက်ပံ့ခြင်းကို ခံစားရပြန်၏။

၁၂၅၈–ခုနှစ်၊ ခန်းပတ်မင်းကြီး အသက် (၇၆) နှစ်တွင် အနိစ္စရောက်ခဲ့လေတော့သတည်း။

မြန်မာ့စွယ်စုံကျမ်းမှ

* * *

## အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲတွင်
## ဖမ်းဆီးခြင်းခံရသော ပန်းချီဆရာ

ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဖြစ်သည့် သီပေါမင်း လက်ထက်တွင် လွန်စွာမှ ထင်ရှားကျော်စောသော ပန်းချီဆရာ တစ်ဦးရှိ၏။ ထိုပန်းချီဆရာသည်ကား မန္တလေးမြို့က မြန်မာ့ ပန်းချီဆရာ အနုပညာရှင်ကြီး ဆရာချုံပင်ဖြစ်လေတော့၏။

ဆရာချုံသည် မြန်မာသက္ကရာဇ် ၁၂၂၈–ခုနှစ်တွင် မွေးဖွားခဲ့သည်ဟု သိရ၏။

ဆရာချုံသည် မင်းတုန်းမင်းလက်ထက်၌ အမှုထမ်းရ သော ပန်းချီထက်ဦးကြာညွန့်၏ တပည့်ဖြစ်သူ ဆရာစာ၏

အဇ္ဈတ္တဝါသိကဖြစ်သည်။ ဆရာစာထံ၌ ပညာများ ဆည်းပူးရင်း သီပေါမင်းထံတွင် အမှုတော်ထမ်းရွက်ခဲ့လေ၏။

ဆရာချုံသည် သီပေါမင်းထံ၌ ပန်းချီအမှုတော်ထမ်းကာ ရိက္ခာတော် ငွေကျပ်ချိန် ၄၀. ၅၀ ခန့် ရသည်ဟု ဆို၏။

ထိုခေတ်က မန္တလေးရတနာပုံ နေပြည်တော်သို့ လာရောက်အမှုထမ်းကြသော ဣတာလျံပန်းချီဆရာ (၂) ဦးရှိကြရာ ၎င်းတို့ထံမှလည်း ဆရာချုံက ပန်းချီပညာဆိုင်ရာ အဖိုးတန် ပညာရပ်များနှင့် ပန်းချီပစ္စည်းကိရိယာများကို ရလိုက်လေ၏။

ဆရာချုံသည် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားစဉ်က အင်္ဂလိပ်တို့၏ ဖမ်းဆီးခြင်းကို ခံရကာ (၃) လမျှ အကျဉ်းသားဘဝဖြင့် နေခဲ့ရသေး၏။ ထိုအခါ အင်္ဂလိပ်စစ်ဗိုလ် ကာနယ် စလေဒင်က သူ့ထံ၌ အမှုထမ်းရန် ဖိတ်ခေါ်၏။

မျိုးချစ်စိတ်ရှိသော မြန်မာ့ပန်းချီဆရာ ဆရာချုံသည် သီပေါမင်းပါတော်မူပြီးသည့်နောက် ဗြိတိသျှခေတ်ဦး၌ မန္တလေးမြို့၌ပင် ပန်းချီပညာဖြင့် ဆက်လက်အသက်မွေး၏။ ထို့နောက် ရန်ကုန်မြို့သို့ဆင်းကာ ကျုံးကြီးလမ်း၌ နေထိုင်ပြီး ပန်းချီဖြင့် အသက်မွေးသော်လည်း ထိုခေတ် ထိုအခါက ပန်းချီပညာကို အားပေးခြင်းမရှိသဖြင့် ဆရာချုံသည် ဆိုင်းဘုတ်များရေးဆွဲရင်း။

ဆင်းဆင်းရဲရဲ နေထိုင်ခဲ့ရလေ၏။

တစ်ခါက ဆရာချုံသည် လွန်စွာမှ ဝါသနာကြီးသော ပန်းချီပညာကို စွန့်လွှတ်ကာ ဆန်အရောင်းအဝယ်လုပ်ကိုင်ရန် ပင် စိတ်ကူးခဲ့သေး၏။

ဆရာချုံသည် ရှေးမူယိုးဒယားဟန်နှင့် မြန်မာ့မူဟန်တို့ကို ပေါင်းစပ်ကာ နဂါး၊ ဂဠုန်၊ ကုမ္ဘာနတ်၊ နဂါး၊ ခြသေ့၊ ဆင်၊ ခြူးပန်း၊ ကနုတ်ပန်း စသည်တို့ကို ကျွမ်းကျင်နိုင်နင်းစွာ ရေးဆွဲခဲ့၏။ ထို့အပြင် ရွှေရေး၊ ငွေရေး ပန်းချီနှင့် သေနင်္ဂဗျူဟာနှင့်ဆိုင်သော စစ်ခံတပ်၊ အဆောက်အအုံပုံစံများကိုလည်း ရေးဆွဲခဲ့၏။

ထိုသို့ ဆရာချုံရေးဆွဲသောပုံများအနက် အချို့မှာ "နန်းတွင်းညယန္တရဥဝယ်"၊ "သခ်ပဏ္ဏ"၊ "နန်းတွင်းသူ" တို့ဖြစ်လေ၏။

ဆရာချုံသည် ဆင်ပုံများရေးဆွဲရာ၌ လွန်စွာမှ ပိုမိုနိုင်နင်းကျွမ်းကျင်လေ၏။ ဆင်ပန်းချီကားမှာ သက်ဝင်လှုပ်ရှားနေသကဲ့သို့ မှာန်လည်းပါလှလေ၏။

ဆရာချုံသည် ပန်းချီကျော်တစ်ဦးဖြစ်ရုံသာမက ဘုရားတည်၊ ကျောင်းဆောက် အစရှိသော ဗိသုကာ အတတ်ပညာကိုလည်း လွန်စွာ ကျွမ်းကျင်တတ်မြောက်သော မြန်မာ့ပန်းချီဆရာ

ကြီးတစ်ဦးပင် ဖြစ်လေ၏။

အနောက်နိုင်ငံသားများက ဆရာကြီးအား မှတ်တမ်းတင်ထားခြင်းခံရသော ဆရာချုသည် ၁၂၇၈–ခုနှစ်၊ အသက် ၅၀ အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့လေတော့သတည်း။

မြန်မာ့စွယ်စုံကျမ်းမှ

✵ ✵ ✵

## ကင်းဝန်နှင့် တိုင်းတာတို့၏ အားပြိုင်ပွဲ

သီပေါမင်းနှင့် မိဖုရားစုဖုရားလတ်တို့ အင်္ဂလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရန်အတွက် ကင်းဝန်မင်းကြီးဦးကောင်းမှာ ကြိုးစားအားထုတ်ခဲ့သော်လည်း တိုင်းတာမင်းကြီးမှာ အရှင်နှစ်ပါး ချစ်ကြည်ရေးခရီးသွားရန် မလိုလားချေ။

ထို့ကြောင့် အရှင်နှစ်ပါး တိုင်းတာမင်းကြီးကြောင့် အင်္ဂလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် ပျက်ခဲ့ရသည့်အတွက် ကင်းဝန်မင်းကြီးဦးကောင်းမှာ ခံလေသမျှ သဲရေကျခဲ့ရလေတော့၏။

ကင်းဝန်မင်းကြီးသည် မြန်မာနိုင်ငံ၏ ရန်သူများဖြစ်ကြသော လူမျိုးခြား ပြင်သစ်နှင့်အင်္ဂလိပ်တို့နှစ်ဦးရှိသည့်အနက် အင်္ဂလိပ်ကို ပထမအဆင့် ရန်သူနံပါတ် (၁) အဖြစ် သတ်မှတ်ထားပြီး ပြင်သစ်ကို ဒုတိယရန်သူ နံပါတ် (၂) အဖြစ် သတ်မှတ်ထားလေ၏။

ထိုသို့ ရန်သူ ၁၊ ၂ သတ်မှတ်ရခြင်းအကြောင်းအရင်းမှာ ထိုစဉ်အခါက အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းသုံးပိုင်း၊ နှစ်ပိုင်းတို့ သိမ်းထားပြီးဖြစ်သောကြောင့် ပြင်သစ်တို့သည် မြန်မာနိုင်ငံအထက်ပိုင်းကို သိမ်းပိုက်နိုင်မည်ဖြစ်ကြောင်း ကင်းဝန်မင်းကြီးဦးကောင်းက သိလေ၏။ ထို့ကြောင့် ပြင်သစ်ကို ဒုတိယနံပါတ် (၂) ရန်သူဟု သတ်မှတ်ထားသော်လည်း အကယ်၍ ရင်ဆိုင်ရတော့မည်ဟုဆိုလျှင် မြန်မာအစိုးရက မည်ကဲ့သို့ ရင်ဆိုင်သင့်သနည်း၊ အဖြေရှာကြည့်၏။

ကင်းဝန်မင်းကြီးဦးကောင်း၏ စိတ်ကူးမှာ မင်းတုန်းမင်းတရားကြီးလက်ထက်တော် ဦးကောင်းအမှုထမ်းစဉ်ကတည်းက မြန်မာနိုင်ငံ၏ အဓိကအနီးကပ်ရန်သူ အင်္ဂလိပ်ကိုပင် ရင်းနှီးစွာ မဟာမိတ်အဖြစ် သတ်မှတ်ဆက်ဆံမှသာလျှင် လွန်စွာမှ သင့်မြတ်ကြောင်း သိရှိခဲ့ရသည့်အတွက် သီပေါမင်းနှင့် မိဖုရားကြီး

စုဖုရားလတ်တို့ကို ပြင်သစ်သို့ မဟာမိတ် ချစ်ကြည်ရေးခရီးစဉ်ကို အကောင်အထည်ဖော်ခဲ့၏။

ပြင်သစ်သို့ ချစ်ကြည်ရေးခရီးထွက်ခဲ့လျှင် သူတို့၏ နိုင်ငံ၏ အင်အားအခြေအနေကို အရှင်နှစ်ပါးမြင်တွေ့ရမည်။ ရန်သူ အင်အားသည် မြန်မာနိုင်ငံ၏ အင်အား နှိုင်းယှဉ်ကြည့်တတ်ပါက ရှေးရေးရှေးရာ၌ မည်သို့ပြုလုပ်ရမည်ကို သိရှိမည်ဖြစ်၏။

တိုင်းတာမင်းကြီးမှာမူ လွန်စွာမှ အင်္ဂလိပ်ကို မုန်းတီးနေသူဖြစ်၏။ ထိုအတွက်နှင့်ပင် ကင်းဝန်မင်းကြီး၏ အစီအစဉ်ကို ကန့်ကွက်လေ၏။ ဆန့်ကျင်လေ၏။

တိုင်းတာမင်းကြီးက အရှင်နှစ်ပါး ပြင်သစ်သို့သွားကြလျှင် ရင်တမမနှင့် ၎င်းက ဘဝင်မကျချေ။

ရန်သူဆိုတာကလည်း မဝေးပါ။ ဟို ဆိုင်ငုံ (ဆေးရုံ) မှာ မြင်ကွင်းနှင့်မြင်းခုံ မင်းသားနှစ်ပါးရှိ၏။ အနောက်နိုင်ငံ အိန္ဒိယမှာလည်း အင်္ဂလိပ်တို့ မွေးထားသည့် ညောင်ရမ်းနှင့် ညောင်အပ်ညီနောင်တို့ကလည်း အနီးလေး အရှင်နှစ်ပါး ထွက်တော်မူချိန်တွင် နန်းတော်ကို ဝင်ရောက်သိမ်းပိုက်ပါက အရှင်နှစ်ပါး မြန်မာပြည်ကိုပြန်ရောက်လျှင် ထီးလွတ်၊ နန်းလွတ်ဖြစ်သွားနိုင်၏။

ဘေးလောင်းတော် စဥ့်ကူးမင်းသား အညာသီဟတော ဘုရားဖူးအသွားကောင်းလို့ ဒုက္ခတွေ့ရပုံကို တိုင်းတာမင်းကြီးက ဥပမာနှင့်ယှဥ်၍ လျှောက်ထားရာ မိဖုရားစုဖုရားလတ်က တိုင်း တစ်ပါးရောက် ရန်သူတော်မြန်မာမင်းသားများကလည်း ထီးနန်း လိုချင်၍ အလစ်ချောင်းနေသည်ကို သတိရကာ ၎င်းကိုယ်တိုင် ပင် ပြင်သစ်ချစ်ကြည်ရေးခရီးစဥ်ကို ဖျက်လိုက်လေတော့၏။

"တန်ပါကိုယ်တော် ... တန်ပါတော့ ...
အင်္ဂလိပ်စကားကို ယုံပြီးအာမခံ
လျှောက်တင်မနေပါနဲ့ ... ကိုယ်တော်ယုံနေ
ကျွန်တော်မျိုးကိုတော့ မယုံပါဘူး"

ဟုဆိုကာ တိုင်းတာမင်းကြီးက ကင်းဝန်မင်းကြီးအား ပြောလိုက်လေ၏။

"တော်တော့ ကင်းဝန်ဘိုးဘို။ တိုင်းတာဘိုးဘိုးပြောတာ မှန်တယ်။ စုဖုရားတို့မသွားရလို့ ဘာမှမဖြစ်ဘူး။ တော်တော် ကြာ ထီးလွတ် နန်းလွတ် အဖြစ်မခံနိုင်ဘူး"

ဟု မိဖုရားကြီး စုဖုရားလတ်က ကင်းဝန်မင်းကြီးအား ပြောလိုက်ပြန်၏။

မိဖုရားစုဖုရားလတ်သည် ရေတွင်းထဲက ဖားသူငယ်လို

လေးဘက်ကာရံထားသော မြို့ရိုးအတွင်းရှိ မိမိ၏နန်းပလ္လင်ထက်မှာ မင်းစည်းစိမ်ကို ခံစားရင်း လွန်စွာမှ မာန်မာနတက်နေသော အာဏာရှင် စုဖုရားလတ်မှာမူ ထိုအချိန်ကာလက မြန်မာနိုင်ငံ၏ ရန်သူ၊ အင်္ဂလိပ်ကို ဂရုမစိုက်ခဲ့ချေ။

ကင်းဝန်မင်းကြီးဦးကောင်းသည် နိုင်ငံနှင့်လူမျိုးကို ချစ်၏။ တိုင်းတာမင်းကြီးမှာလည်း နိုင်ငံနှင့်လူမျိုးကိုချစ်၏။ သို့သော် ထိုနှစ်ဦး ချစ်ပုံချစ်နည်း မတူကြချေ။

ကင်းဝန်မင်းကြီးမှာ ပြည်ပနိုင်ငံအတော်များများကို လေ့လာခဲ့၏။ တိုင်းတာမင်းကြီးမှာမူ မြန်မာပြည်ကလွဲ၍ တခြား ပြည်ပနိုင်ငံများသို့ သွားလာခြင်းမရှိ။

ကင်းဝန်မင်းကြီးသည် အင်္ဂလိပ်လူမျိုးတို့၏ တိုးတက်ခေတ်မီမှုများနှင့် စစ်လက်နက်အင်အားများကို မြင်တွေ့၍ ပြောပြသော်လည်း တိုင်းတာမင်းကြီးက လက်မခံ မယုံကြည်၊ လက်ခံယုံကြည်သော ကင်းဝန်မင်းကြီးအား တိုင်းတာမင်းကြီးက –

"ကင်းဝန်မင်းကြီးဟာ အင်္ဂလိပ်လူပဲ"

ဟုဆိုကာ နောက်ကွယ်ရာတွင် သတ်မှတ်ထားလေ၏။

ထို့ကြောင့် ပြည်ပနိုင်ငံသို့ ရောက်ဖူးသောအုပ်စုနှင့် ပြည်ပနိုင်ငံသို့ မရောက်သောအုပ်စုဟူ၍ နှစ်ခြမ်းကွဲကာ လွှတ်

တော် ညီလာခံတွင် ကုန္ဒြေမပျက် အလုပ်လုပ်ကြသော်လည်း ဆန့်ကျင်ဘက်တွေ ဖြစ်လာကြရလေတော့၏။

ပြင်သစ်နိုင်ငံသို့ သီပေါမင်းက သွားချင်သော်လည်း မိဖုရားကြီးစုဖုရား၏ မကြွယ်ဝသော လူတစ်ဦးကြောင့် ပယ်ဖျက်လိုက်ရခြင်းသည် တတိယအင်္ဂလိပ်–မြန်မာစစ်ပွဲ၏ မူလအခြေခံများလားဟု တွေးတောမိလေတော့သတည်း။

ဆရာတော်ရှိန်ထွန်း၏…

*အင်္ဂလန်မသွားလိုက်ရဘဲ အိန္ဒိယတွင်နတ်ရွာစံခဲ့ရသည့် "သီပေါမင်း" ဆောင်းပါးမှ*

မော်နီတာဂျာနယ်

၂၀၁၀ နိုဝင်ဘာလ၊ အမှတ် (၂၈)

✵ ✵ ✵

## စုပုရားလတ်၏သမီးတော် သူပုန်မင်းသမီး

သူပုန်မင်းသမီးဆိုသည်မှာ သီပေါမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး စုဘုရားလတ်တို့၏ စတုတ္ထသမီးတော် ထိပ်စုမြတ်ဖုရားပင် ဖြစ်၏။

၁၈၈၅–ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့ "ထီးကျိုးစည်ပေါက်၊ သူကျွန်ဘဝသို့ရောက်ရှိစဉ်က စတုတ္ထသမီးတော်မှာ မဖွားမြင်"သေးချေ။

ပါတော်မူအရှင်နှစ်ပါးနှင့် ရံရွေတော်များအား ရတနာဂီရိသို့ မပို့ဆောင်မီ မဒရပ်မြို့တွင် ခေတ္တနေခဲ့ရ၏။ ထိုမြို့မှာ

လေးလခန့်နေရပြီးနောက် အက်စ်အတ်စ်ကလိုက်သင်္ဘောဖြင့် ဘုံဘေမြို့တောင်ဘက်မိုင် ၁၂၀ ဝေးသော ပင်လယ်ကမ်းရှိ ရတနာဂီရိကျွန်းသို့ ပို့လိုက်လေတော့၏။

ရတနာဂီရိသို့ ရောက်ရှိပြီး တစ်နှစ်ခန့်အကြာ ၁၈၈၇၊ မတ်လ (၂၅) ရက်နေ့တွင် စုဘုရားသမီးတော် ထိပ်စုမြတ်ဖုရား လေးအား ဖွားမြင်ခဲ့လေ၏။

အရှင်နှစ်ပါး၏သမီးတော်လေးပါးရှိသည့်အနက် အထွေး ဆုံးဖြစ်ပြီး လွန်စွာမှလည်း ထက်ထက်မြက်မြက်ရှိသူ ဖြစ်လေ၏။

၎င်းသည် လွန်စွာမှ အလိုက်သိ၏၊ လွန်စွာမှ အကင်း ပါး၏၊ လွန်စွာမှလည်း လိမ္မာ၍ ဉာဏ်ရည်အထက်ဆုံးလည်း ဖြစ်လေ၏။

ထို့ကြောင့် ခမည်းတော်နှင့် မယ်တော်တို့၏ လွန်စွာမှ ချစ်သော သမီးတစ်ဦးဖြစ်ရလေ၏။

စုဘုရားသမီးတော်သည် အိမ်တော်၏ ဝေယျာဝစ္စကို ၎င်းကပင် သော့ကိုင်ကာ ထိန်းသိမ်းကွပ်ကဲသူအဖြစ် ထက်မြက် သော မြန်မာအမျိုးသမီးတစ်ဦး ဖြစ်ရလေတော့၏။

ရတနာဂီရိတွင် ကြီးပြင်းလာသော စုဘုရားသမီးတော် သည် စံအိမ်တော်တွင်ပင် ဂျီအမ်မက်ဒိုင်ယာမစ်အမည်ရှိ အမျိုး

သမီးက အိမ်တွင်းမှုသိပ္ပံပညာကို သင်ကြားပေးခဲ့၏။ ထိုအမျိုးသမီးနှင့်အတူ အဖော်အဖြစ် နေထိုင်၏။

ခမည်းတော်သီပေါဘုရင် နတ်ရွာစံလွန်ပြီးနောက် မယ်တော်မိဖုရားခေါင်ကြီးနှင့်အတူ မြန်မာပြည်၊ ရန်ကုန်မြို့သို့ ပြန်လာခဲ့ကြရလေ၏။

မြန်မာပြည်၊ ရန်ကုန်မြို့သို့ရောက်သည့်အခါ ဗဟန်းမြို့နယ်အတွင်းရှိ ယခင် ချာချီလမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း)၊ မြေအမှတ် (၂၃) ဘီတွင် နေထိုင်ရာမှ ၁၉၂၂-ခုနှစ်တွင် ပိုမိုကျယ်ဝန်းသော အမှတ် (၂၃)၊ စံအိမ်တော် (ရေခဲဆိုင်၊ ပန်းချီပန်းပုကျောင်းနား) သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြန်၏။

၁၉၁၂-ခုနှစ်တွင် မယ်တော်ကိုယ်တိုင် ရွေးချယ်ပေးထားသော ပါဠိပါရဂူ ဘုန်းကြီးလူထွက် ကိုကိုနိုင်ဆိုသူနှင့် လက်ထပ်ခဲ့လေ၏။

စတုတ္ထသမီးတော်၏ အိမ်ထောင်ဖက် ကိုကိုနိုင်သည် မကွေးတိုင်း၊မြို့နယ်၊ ရှားပင်လုကျေးရွာဇာတိသားဖြစ်လေ၏။

၎င်းသည် ငယ်စဉ်က သာမဏေဘဝမှ ရဟန်းဘောင်သို့ သုံးဆယ်မြို့နေ ရဟန်းအစ်မ ဒေါ်စာဥ၏ ပစ္စနဂ္ဂဟာဖြင့် ရောက်ရှိခဲ့လေ၏။

ထို့နောက် အိန္ဒိယပြည်သို့ သွားရောက်ပြီးလျှင် ပါဠိနှင့် သက္ကတဘာသာရပ်များ ဆည်းပူးခဲ့လေ၏။

အိန္ဒိယပြည်၌ ပညာသင်ယူနေစဉ် အရှင်နှစ်ပါးနှင့် အဆက်သွယ်ပြုရင်း လွန်စွာမှ ခင်မင်မှုများ ရရှိခဲ့လေ၏။

ကိုကိုနိုင်နှင့် စတုတ္ထသမီးတော်တို့သည် သားတော် (၄) ပါးနှင့် သမီးတော် (၂) ပါး ထွန်းကားခဲ့လေ၏။ ၎င်းတို့မှာ တော်ဖုရားကြီး၊ ထိပ်စုဖုရားကြီး (စုစုခင်) တော်ဖုရား၊ တော်ဖုရားငယ်၊ တော်ဖုရားလေး (အောင်ဇေ)၊ ထိပ်စုဖုရားထွေးတို့ ဖြစ်ကြလေ၏။

၁၉၂၅–ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့တွင် မယ်တော် မိဖုရားခေါင်ကြီး စုဖုရားလတ် နတ်ရွာစံပြီးနောက် စတုတ္ထသမီးတော် မိသားစုသည် မန္တလေးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြလေ၏။

မန္တလေးမြို့တွင် နေထိုင်စဉ် စတုတ္ထသမီးတော်သည် ပတ္တမြားငမောက်အပါအဝင် နိုင်ငံပိုင် နန်းစဉ်ရတနာများနှင့် ခမည်းတော်၊ မယ်တော်တို့၏ ပိုင်ဆိုင်သော နန်းစဉ်ရတနာများ၊ ဧရန်တွင်းများ၊ မြေယာများကို စာရင်းအတိအကျနှင့်တကွ အင်္ဂလိပ်အစိုးရထံမှ ပြန်တောင်းလေ၏။

"စေတုတ္တသမီးတော်၏ အရေးတော်ပုံစာတမ်း" ကို ဘိလပ်ရှိ ဗြိတိသျှအစိုးရနှင့် မြန်မာနိုင်ငံတော်အစိုးရထံသို့ ၁၉၃၁ –ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်နေ့စွဲဖြင့် ပေးပို့တောင်းဆိုခဲ့လေ၏။

စေတုတ္တသမီးတော်၏ အရေးတော်ပုံစာတမ်းကို အင်္ဂလိပ် အစိုးရကဘာဆီး၏။ ထိုသို့ တားဆီးသည့်ကြားကပင် မယ်တော် လိုပင် ထက်မြက်ကြောက်စိတ် တစ်စက်မှမရှိသော စေတုတ္တ သမီးတော်သည် နိုင်ငံပေါင်းချုပ်အသင်း အပါအဝင် အခြားသော နိုင်ငံများသို့ပါ ဖြန့်ဝေခဲ့လိုက်လေတော့၏။

ထို့ကြောင့် အင်္ဂလိပ်အစိုးရက စေတုတ္တသမီးတော်အား "သူပုန်မင်းသမီး" ဟူ၍ (Rebel Princess) သတ်မှတ်ကာ အစိုးရက ထောက်ပံ့ပေးနေသည့် ပင်စင်လစာငွေများကိုပါ ရပ် ဆိုင်းလိုက်လေတော့၏။

ထို့နောက် မန္တလေးတွင် သူပုန်ထ,နိုင်သည်ဟုဆိုကာ အင်္ဂလိပ်အစိုးရက မော်လမြိုင်မြို့သို့ အကျယ်ချုပ်နှင့် ၁၉၃၂– ခုနှစ်၊ မေလတွင် နယ်နှင်ဒဏ်ပေးလိုက်လေတော့၏။

မော်လမြိုင်မြို့တွင် စေတုတ္တသမီးတော်မိသားစုအား နယ်ချဲ့အင်္ဂလိပ်အစိုးရကုလားသူဌေး မစ္စတာချောင်းဒရီနေအိမ် တွင် ထားလေ၏။

မော်လမြိုင်မြို့တွင် နေထိုင်ပြီး (၄) နှစ်အကြာ ၁၉၃၆–ခုနှစ်၊ မတ်လ (၃) ရက်နေ့ ညနေ (၄) နာရီခွဲအချိန်တွင် မော်လမြိုင်မြို့စံအိမ်တွင် ကံကုန်ခဲ့လေတော့၏။

စတုတ္ထသမီးတော်၏ ကြွင်းကျန်သော ရုပ်ကလာပ်ကို ကျန်ရစ်သူမိသားစုက မန္တလေးနန်းတွင်းသို့ ပို့ဆောင်သဂြိုဟ်ချင်သော်လည်း အင်္ဂလိပ်အစိုးရက ခွင့်မပြုသဖြင့် ငါးလအကြာ ၁၉၃၆–ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်နေ့တွင် မော်လမြိုင်မြို့ နဂါးဝိသတောင်ပေါ် ကျိုက်သလွံစေတီတော်နှင့် မဟာမြတ်မုနိ ဘုရားခြေတော်ရင်း၌ အုတ်နန်းပြာသာဒ်တော်သွင်း၍ သဂြိုဟ်ထားခဲ့ရလေ၏။

စတုတ္ထသမီးတော်၏ ရှာပနအုတ်နန်းပြာသာဒ်တော်၌ ရေးထိုးထားသော ကျောက်စာမှာ –

> မြန်မာနိုင်ငံအရှင် ဘဝရှင် သီပေါမင်းတြားကြီး၏ အသျှင်နန်းမတော် မိဘုရားခေါင်ကြီး ၁၂၄၈ ခု၊ နှောင်းတန်ခူးလဆန်း (၂) ရက်နေ့၌ ဖွားမြင်သော စတုတ္ထ သမီးတော် ကိုကိုနိုင်၏ ကြင်ယာတော် အသျှင်ထိပ်စု မြဝတ်ဖုရားကလေးသည် ၁၂၉၇–ခု၊ တပေါင်းလဆန်း

(၁၂) ရက်နေ့၊ သက်တော် (၄၉) နှစ်တွင် မော်လမြိုင်၌ နတ်ရွာစံတော်မူ၍ ၁၂၉၈-ခု၊ တော်သလင်းလွန်း (၈) ရက်နေ့တွင် ဈာပနအခမ်းအနား သွင်းတော်မူသည်''

ကျောက်စာတွင်ပါရှိသည့် သတ်ပုံအတိုင်း ဖော်ပြထားခြင်းဖြစ်၏။

စာရေးသူ

''ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝ''

သို့ ရောက်ရှိနေသော်လည်း တိုင်းပြည်၏ အမွေ၊ မိဘ၏ အမွေအနှစ်များကို နယ်ချဲ့အင်္ဂလိပ်တို့ထံမှ ကြောက်စိတ်လုံးဝမရှိဘဲ ရဲဝံ့စွာတောင်းဆိုခြင်း၊ ရ,ထားသော စည်းစိမ်တို့ကို မက်မောခြင်းမရှိဘဲ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုပြသခဲ့သော စတုတ္ထ သမီးတော်သည် မယ်တော်စုဖုရားလတ်ကဲ့သို့ ထက်မြက်သူ ဖြစ်လေ၏။

ထို့ကြောင့်လည်း နယ်ချဲ့အင်္ဂလိပ်တို့က စတုတ္ထသမီးတော်အား ''သူပုန်မင်းသမီး'' ဟူ၍ ကြောက်လန့်ခြင်းဖြစ်လေတော့သတည်း။

၂၇-၂-၂၀၁၁

အကိုးအကား

၇-၃-၁၉၃၆
ဒီးဒုတ်သတင်းစာ အတွဲ ၁၂၊ အမှတ် ၂၅

သန်းဝင်းလှိုင်၏
"ဥညအော်မြည် ကုန်းဘောင်တည်"
စာအုပ်မှ

✹ ✹ ✹

## သစ်ကိုအကြောင်းပြုသောစစ်ပွဲ

အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲ ဖြစ်ရခြင်းအကြောင်း အဲရင်း၏ ကာလအားဖြင့် ကွာဝေးသော အကြောင်းအရင်းအချို့ ဖြစ်၏။

ဘုံဘေဘားမားကုမ္ပဏီ၏ နင်းကြမ်းသစ်တောမှ သစ်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီနှင့် မြန်မာဘုရင်အစိုးရတို့ အငြင်းပွားမှုသည် ချက်ချင်းဖြစ်သော အကြောင်းရင်းသာ ဖြစ်သော်လည်း သစ်ကြောင့်ဖြစ်သော စစ်မဟုတ်။ သစ်ကို အကြောင်း ပြုပြီး နယ်ချဲ့ခြင်းသာဖြစ်ရ၏။

ထိုသစ်ကြောင့်ဖြစ်ရသောပြဿနာကို ကင်းဝန်မင်းကြီး ဦးကောင်း အယူအဆအတိုင်း လှည့်ပတ်ကာ အချိန်ဆွဲထားနိုင် မည်ဆိုလျှင် ပါတော်မူအရေး ပေါ်ပေါက်လာနိုင်ရန် အခြေအနေ မရှိ၊ တတိယစစ်လည်း မဖြစ်လာနိုင်။

သို့သော် ဤသို့ဖြစ်ရခြင်းက အရှေ့တောင်အာရှတိုက်ရှိ နိုင်ငံငယ်များကဲ့သို့ အမည်ခံဘုရင်အုပ်စိုးသော နိုင်ငံမျှသာ ဖြစ်၍ နယ်ချဲ့တစ်ဦးတစ်ယောက်၏ ဩဇာခံ နိုင်ငံသားဖြစ်ရမှုလမည်။

*"အာဏာနဲ့ ဖိစီးအုပ်ချုပ်တဲ့ ပဒေသရာဇ်စနစ် ဆိုတာက ခေတ်ကာလအလျောက် ဖြစ်ထွန်းလာ တဲ့ ယဉ်ကျေးတဲ့စနစ်ကို မလွန်ဆန်နိုင်ပါဘူး။ ဒါ ဟာ လောကရဲ့ ဖြစ်စဉ်ပါပဲ။*

*ရှင်ဘုရင်က ပျော်တယ်၊ မိဖုရားက ဖြုန်းတယ်။ ဘုရင့်အနားက အမတ်တွေကလည်း လောဘကြီး သူတွေချည်းပဲ။ မင်းမိဖုရားနှစ်ပါးက မရေမရာတဲ့ ကိစ္စတွေမှာ ငွေသုံးသန်းလောက် သုံးဖြုန်းပစ် တယ်။*

*သည်ငွေတွေကလည်း ဝိုင်းဝန်းမြှောက်ပေးနေ ကြတဲ့ လူတွေရဲ့လက်ထဲ ရောက်သွားတာပဲ။ ဒီလူ*

တစ်ခုကလွဲလို့ တစ်တိုင်းပြည်လုံး ဆင်းရဲပင်ပန်း နေကြတယ်။

တိုင်းပြည်ကောင်းကျိုးကို ဥပေက္ခာပြုထားကြတော့ သည့်အကျိုးဟာ အကြောင်းဖြစ်လာတာ မဆန်းဘူး။ ကျုပ်တစ်ယောက်တည်းရဲ့ ခံစားမှုနဲ့ပြောရရင် ထီးကျိုးစည်ပေါက် ဖြစ်ရတာကို စိတ်မချမ်းသာဘူး။ ဒါပေမဲ့ အောင့်ထားရသမျှ အခုမှ ပြောခွင့်ရလို့ စလုံးစခုတွေတော့ ကျေသွားတယ်''

အထက်ပါစကားသည် သံချက်ဝန်မင်းဦးမြူက သီပေါမင်း ပါတော်မူချိန်တွင် ၎င်းသည် ပြင်သစ်နိုင်ငံတွင် ရှိနေ၏။ သီပေါမင်းတရား ပါတော်မူပုံနှင့် ပတ်သက်ပြီး –

''အခုလိုဖြစ်ပွားရတဲ့ ကိစ္စတွေအတွက် ကျုပ်ကတော့ အံ့လည်း မအံ့ဩဘူး။ စိတ်မကောင်းလည်း မဖြစ်ဘူး။

ကျုပ်က၊ ကျုပ်ဘက်က ဝတ္တရားရှိတဲ့အတိုင်း အင်္ဂလိပ်ကို စစ်မပြုနဲ့။ သူတို့တောင်းတာ လိုက်လျောပါဆိုတာကို ကြေးနန်းရိုက်ပြီး အကြံပြုခဲ့တယ်။

ကျုပ်တို့ဘုရင်တပ်တွေက အင်္ဂလိပ်စစ်သားတွေကို ရင်ဆိုင်ဖို့ မဖြစ်နိုင်တာ ကျုပ်သိသားပဲ။ ကျုပ်တို့အမတ်တွေက

လူမှုန်းများတယ်။ တပ်သားတွေက သည်အမတ်တွေရဲ့သြဇာကို ခံချင်ကြတာ မဟုတ်ဘူး။

ကျုပ်တို့ဘုရင် မှားသွားတယ်။ မလုပ်သင့်တာ သွားလုပ်တယ်။ ဒါလည်း ကျုပ်တို့အပြစ်နဲ့ ကျုပ်တို့ခံရတာပါပဲ” ဟူ၍ ပြောခဲ့လေ၏။

✵ ✵ ✵

## တစ်ပင်လဲလို့ တစ်ပင်ထူ

ထို့နောက် အရှင်နှစ်ပါး ပါတော်မူပြီး မန္တလေးမြို့ကြီးလည်း ပျက်စီးတိမ်းယိမ်းသွားသောအခါ နန်းတွင်းသဘင်သည် ဇာတ်တော်ကြီးအဖွဲ့သူ အဖွဲ့သားတို့မှာလည်း အမိမဲ့သား၊ ရေနည်းငါးဘဝသို့ ရောက်သွားကြရလေတော့၏။

သဘင်သည် အချို့ အချို့သည် ရေကြည်ရာ မြက်နုရာဖြစ်သော အောက်မြန်မာပြည်သို့ အများအပြား စုန်ဆင်းခဲ့ကြလေတော့၏။

သဘင်သည်မလေး၊ ဆင်ခိုးမလေးသည်လည်း ရန်ကုန်

မြို့တွင်နေထိုင်ကာ ဇင်းတတ်ကျွမ်းသော သဘင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရရှာ၏။

ထိုသို့လုပ်နေရင်းက ရန်ကုန်မြို့၊ ကြည့်မြင်တိုင်ရှိ ငါး ကြော်ဖိုအရပ်သူကြီးနှင့် အကြောင်းပါလေတော့၏။

ထိုသို့အကြောင်းပါရင်း မောင်ချစ်မွေး ခေါ် မောင်ထွေး တင်ဟူသော သားတစ်ယောက် ထွန်းကားခဲ့၏။

မောင်ထွေးတင် အရွယ်ရောက်လာသည့်အခါ မိခင်၏ သဘင်သုခမကို ဝါသနာမပါသဖြင့် မိဘများ၏ အသိမိတ်ဆွေ တစ်ဦး၏ စာပုံနှိပ်စက်တွင် အလုပ်လုပ်ရန် အပ်နှံထားရလေတော့ ၏။

ထို့နောက် သားကြီးမောင်ညာဘွား၊ သားလတ် မောင် သက်ထား၊ သားငယ်မောင်ထွေးတင်ဟူသော သားများရှိကြ သဖြင့် သမီး မိန်းကလေးမရှိသည့်အတွက် ညီမတစ်ဝမ်းကွဲ တော်စပ်သူ ဒေါ်ပို၏သမီး (၆) နှစ်အရွယ်ရှိ မပုဆိုသော မိန်း ကလေးကို သမီးအဖြစ် အမွေစားအမွေခံအဖြစ် မွေးစားကြလေ တော့၏။

✵ ✵ ✵

## ရတနာဂီရိစံ အရှင်နှစ်ပါးက မြှောက်စားခြင်း

၁၂၇၂–ခုနှစ်တွင် ရတနာဂီရိစံ အကျဉ်းခံသီပေါမင်းတရားကြီး၏သမီးတော်များ နားသမင်္ဂလာပွဲကျင်းပရာသို့ ဆင်နိုးမလေးသည် သမီးမပုကိုခေါ်ဆောင်၍ အခြားသော သုခုမ သဘင်ပညာသည်များနှင့်အတူ သွားရောက်အသုံးတော်ခံရလေ၏။

ဆင်နိုးမလေးမှာ အဆိုအကတို့ဖြင့် အသုံးတော်ခံရုံမက ရွှေနန်းဝေါ်ကြီးတွင် စံမြန်းစဉ်က ပွဲတော်တည်ရာ၌ အရှင်နှစ်ပါးတို့က လွန်စွာမှ နှစ်သက်တော်မူလေ့ရှိသော ဟင်းလျာများကို

လည်း အရှင်နှစ်ပါးတို့က တမ်းတတော်မူသဖြင့် ချက်ပြုတ် လုပ်ကိုင်၍ ဆက်သခဲ့ရပြန်၏။

နားသမင်္ဂလာပွဲပြီး၍ မြန်မာနိုင်ငံသို့ ပြန်ရခါနီးတွင် ဆင်နီးမလေးသည် သမီးမပုနှင့်အတူ အရှင်နှစ်ပါးအား နောက်ဆုံး ကန်တော့ခြင်းဖြင့် ဖူးမြော်ကန်တော့ကြရလေ၏။

ထိုသို့ကန်တော့နေစဉ် မိဖုရားခေါင်ကြီးက ...

"ဆင်နီး ... နင် အတော်ဆင်းရဲနေတယ်မို့"

ဟု မေးမြန်းတော်မူလိုက်လေ၏။

"အရှင်နှစ်ပါးရဲ့ ဘုန်းရိပ်ကံရိပ်ကို မခိုလှုံရကတည်းက ကျွန်တော်မ အလွန်ဆင်းရဲရပါတယ် ဘုရား"

ဟု ဆင်နီးမလေးက လျှောက်ထားရာ အရှင်နှစ်ပါးက ဆင်နီးမလေးအား ရွှေတစ်ဆယ့်ငါးကျပ်သားခန့် ပေးသနားတော်မူလိုက်လေတော့၏။

✸ ✸ ✸

## ခေါင်းရှက်စေသည်

ဆင်နိုးမလေးသည် ရတနာဂီရိမှ မြန်မာပြည်သို့ ပြန်ရောက်လာခဲ့ပြီးနောက် မူလဇာတိဖြစ်သော တောင်တွင်းကြီးမြို့တွင် မိသားစု စုပေါင်းနေထိုင်ကြလေ၏။

ဆင်နိုးမလေးသည် အရှင်နှစ်ပါး ပေးသနားတော်မူလိုက်သော ရွှေတစ်ဆယ့်ငါးကျပ်သားကို ရောင်းချ၍ ရရှိသောငွေများကို အရင်းအနှီးလုပ်ကာ ဈာတ်ထောင်ကြလေတော့၏။

ထိုအချိန်မှာ ဆင်နိုးမလေးသည်လည်း အသက်အတော်ကြီးလာပြီဖြစ်၍ အမေဆင်နိုး ဖြစ်လာရ၏။

ငုဝ်းတို့၏ဇာတ်မှာ အမေဆင်ခိုးက သဘင်သုခုမပညာကို သင်ကြားပြသပေးရာ သားကြီးမောင်ညာဘွားဂ၊ ဆိုင်းဘက်ဆိုင်ရာမှာ တာဝန်ယူရ၏။

သားလတ် မောင်သက်ထားမှာမူ မင်းသားလုပ်၍ သူ၏ဒုတိယဇနီး မသိန်းအုပ်နှင့် တွဲကစေရ၏။ သားငယ်မောင်ထွေးတင်ကတော့ အနုပညာတွင် ဝါသနာမရှိသဖြင့် ငုဝ်းတို့၏ ဇာတ်ထဲတွင် လုံးဝမပါဝင်ချေ။

မွေးစားသမီးမပုက အပျိုတော်ကြီးမခြောက်ပေါက်နှင့်တွဲ၍ အပျိုတော်ခန်းက ထွက်ရစေ၏။ မပုမှာလည်း သုခုမသဘင်တွင် ဝါသနာမရှိသော်လည်း အမေကိုကြောက်၍သာ ကရလေ၏။

နှစ်အနည်းငယ်ကြာသောအခါ ငုဝ်းတို့ဇာတ်ခေါင်းကွဲရလေတော့၏။

ထို့နောက် မောင်ညာဘွားသည် အခရောင်းအဝယ်လုပ်ငန်းနှင့် မကျွမ်းကျင်၍ မြင်းတွင်းမြို့သို့ ပြောင်းရွှေ့သွားလေ၏။

အမေဆင်နိုးလည်း ဝမ်းရေးအတွက် နှံ့သာဖြူ ကရမက်အစရှိသော အမွှေးတုံးရောင်းချရသည့် ခေါင်းရွက်ဈေးသည်ဘဝဖြင့် မင်းလှသို့ ပြောင်းရွှေ့နေထိုင်၏။

အမေဆင်နိုးသည် တစ်ခါတစ်ရံ အိုးသည်ကုန်း၊ အုတ်ဖို၊ စစ်ကွင်းမြို့များသို့ မီးရထားဖြင့် သွားလာရောင်းချရ၏။

မီးရထားလူကြပ်၍ ထိုင်ခုံမရသည့်အခါ လှူတကာတို့၏ ခြေနင်းဖတ်၌ ထိုင်၍ လိုက်ရလေ၏။

ထိုသို့ လွန်စွာမှ ဆင်းရဲငြိုငြင်စွာ လုပ်ကိုင်စားသောက်ရင်း မင်းလှမြို့၊ မိုးညိုတန်းတွင် နေထိုင်ရလေတော့၏။

✸ ✸ ✸

## ဆင်နိုးမဓါင်ိုချင်း

ဟိုတုန်းက မန်းနဂရာမှာ စန်းဇာတာမော်တုန်း
တနန်းလျှာ နှစ်ဖော်သုံးတာမို့ တော် အလုံးကြေညာ။
ခုနှစ်ခါ မော်ပုလဲ၊ စားတော်ပွဲ ဖြစ်ရပြန်ပါ
ရှေးကုသိုလ်ကံကြွမှာ၊ ပဒုမ္မာနေသွေ့သို့၊ ကုန်စေ့စေ့
တွေးလို့သာမို့၊ ခွေးစိတ်နဲ့ငို။

ဟူသော တေးထပ်ကို အမေဆင်နိုး ညည်းရလေ၏။ အမေဆင်နိုးသည် အသက်အရွယ်အိုမင်းလာ၏။ တစ်ရက် ဈေးရောင်းထွက်ပြီး သုံး၊ လေးရက်ခန့် အိပ်၍နားရ၏။

လွန်စွာမှ ပင်ပန်းလွန်း၍ဖြစ်၏။

တစ်ခါတစ်ရံ အိမ်နီးချင်းများနှင့် ရှေးဖြစ်များ အောက်မေ့ဖွယ် ပြောဆိုရင်းက တစ်ချိန်တစ်ခါက ဘုန်းမီးနေလကဲ့သို့ ထွန်းတောက်ခဲ့သော အရှင်နှစ်ပါးနှင့် မင်းညီမင်းသား၊ မြို့စား၊ ရွာစားတို့က စပြီး လူတကာက ရွှေပေါ်မြတင် မြှောက်စားခဲ့သည့် သဘင်သုခုမပညာရှင် ဆင်နိုးမလေးဘဝ။

ယခုလက်ရှိ စျေးပန်းခေါင်းပေါ်တင်ပြီး နေပူမရှောင် မိုးရွာမရှောင် ဝမ်းရေးအတွက် စျေးသည်မကြီးဘဝ နှိုင်းယှဉ်မိကာ မျက်ရည်များ ပါးပြင်သို့ စီးဆင်းလာရသည့်အတွက် အမေဆင်နိုး အဖို့ အတိတ်နှင့်ပစ္စုပ္ပန် ယခင် ယခုဘဝနှစ်ခုကလည်း လွန်စွာမှ ခြားနားလွန်းလှလေ၏။

ထို့ကြောင့် အမေဆင်နိုးသည် ၎င်းဘဝ၏ ခံစားချက်များကို ကိုယ်တိုင် တေးထပ်စပ်၍ သက်ပြင်းတစ်ရှိုက် တေးတစ်ပုဒ်ဖြင့် ဆိုညည်းလေ၏။

အမေဆင်နိုး၏ ဘဝဖြစ်စဉ်မှာ ကြားရသိရသူများအဖို့ လွန်စွာမှ ကရုဏာမသက်ဘဲ မနေနိုင်အောင် ဖြစ်ရလေတော့၏။

✵ ✵ ✵

## မီးစာကုန်ဆီခန်း

တစ်နေ့သ၌ အမေဆင်နိုးနှင့် အိမ်နီးချင်းဖြစ်သူ ဦးရွှေကွန်းဆိုသူက –

"အမေဆင်နိုးခင်ဗျာ ... အမေ အသက်ကြီးပါပြီ၊ အခုလို အိုကြီးအိုမအရွယ်ရောက်မှ ခေါင်းရွက်ဈေးသည်ဘဝကို မလုပ်ပါနဲ့တော့၊ အမေ့ဘဝကို မကြည့်ရက်လို့ပါ၊ ကျွန်ုပ်အိမ်မှာပဲ အေးအေးလူလူနေပြီး အိမ်ဦးခန်းမှထိုင်ကာ မိခင်လို့ အစ်မကြီးအရင်းသဖွယ် ကျွေးမွေးပြုစုထားပါ့မယ်"

ဟုဆိုကာ တောင်းပန်လေ၏။

ရွှေပဒေသာစာပေ

ပြည်မောင်ကြိုင်၏ အစ်မများဖြစ်သော ဒေါ်အေးကြိုင်၊ ဒေါ်တင်မမ၊ ဒေါ်စောသင်ဆိုသော အိမ်နီးချင်းဝို့ကလည်း ဆွေမျိုးရင်းချာသဖွယ် အမေဆင်နိုး၏ ဇတ်ကြီး ဝတ်ငယ်တို့ကို မညည်းမညူ ပြုစုကြကုန်၏။

အမေဆင်နိုးသည် ဝါတွင်းဝါပမရွေး သီတင်းနေ့တိုင်း ဥပုသ်စောင့်လေ့ရှိ၏။ ဥပုသ်မစောင့်သည့်နေ့များတွင် အိမ်နီးနားချင်းများ လာရောက်သည့်အခါ အနောက်ကြောင်းများကို ဗဟုသုတ ဖြစ်စေရန် ပြောလေ့ရှိ၏။

"နန်းတော်အတွင်းမှာ ဒီလိုဆိုရတယ်၊ ဒီလိုပြောရတယ်၊ ဟောဒီလို ခစားရတယ်ကွဲ့"

ဟုဆိုကာ နှုတ်ဖြင့်ပြောသည်မဟုတ်။ စိတ်ပါလက်ပါ ပြုလုပ်၍ ပြတတ်၏။

နန်းတွင်း၌ ဘုရင်းမင်းမြတ်ကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ ရှေ့တော်တွင် ဦးခေါင်းကိုငုံ့ထားပြီး ပဆစ်ဒူးတုပ်ကာ တံတောင်ဆစ်ထောက်၍ ခစားခဲ့ရသော အမေဆင်နိုး၏ ဒူးနှင့် တံတောင်ဆစ်တို့မှာ ဘေရာပါအောင် အညိုအမည်းစွဲ၍ နေသည်ကိုလည်း ပြလေ၏။

ဤသို့ဖြင့် ဦးရွှေဝွန်း၏အိမ်တွင်နေ၍ တစ်နှစ်ကျော်ကျော်

မျှ ကြာသောအခါ၌ အမေဆင်နိုးသည် မည်သူတစ်စုံတစ်ယောက်မှ တားဆီးတောင်းပန်၍ မရဘဲ ...

"မသေမီ ကိုယ့်ချွေးနဲ့စာကလေးနဲ့ကိုယ် လှူချင်တန်းချင်သေးတယ်ကွယ်"

ဟုဆိုကာ အလိုအလျောက် ဦးရွှေဝွန်း၏နေအိမ်မှ ပြောင်းရွှေ့သွားပြီးလျှင် အမွှေးတုံးရောင်းသည့် ခေါင်းရွက်ဈေးသည်ဘဝသို့ ပြန်လည်ရောက်ရှိလို့ သွားပြန်၏။

ထို့နောက် ခေါင်းရွက်ဈေးသည်ဘဝကို ရပ်နားပြီးလျှင် မိုးညှင်းမြို့မှာ နေထိုင်သည့် သမီးမပုထံသို့ သွားရောက်နေထိုင်ပြန်၏။ ထိုမှတစ်ဆင့် မြင်းကွင်းမြို့ရှိ သားကြီးမောင်ညာဘွားထံတွင် တစ်လှည့်နေထိုင်ပြန်၏။

များမကြာမီ အမေဆင်နိုး၏ မောင်အရင်းများဖြစ်ကြသော ပဲခူးတိုင်း၊ နတ်တလင်းမြို့မှာ နေထိုင်သည့် ကုန်စုံရောင်းသူ ကိုရင်လေးထံတွင် နေထိုင်ပြန်၏။

သိပ်မကြာခင်မှာ ၎င်းတို့၏ဇာတိ တောင်တွင်းကြီးမြို့တွင် နေထိုင်သည့် မောင်အရင်း ကုန်သည်ဦးကျောက်လုံးထံတွင် နေပြန်၏။

ထို့နောက် ရန်ကုန်မြို့၊ လသာလမ်း၌ာန ဌာနာပိုင်

မောင်အငယ်ဆုံး ကိုဖိုးသူတော်ထံတွင်လည်းကောင်း၊ သား အငယ်ဆုံး မောင်ထွေးတင်ထံတို့တွင် တစ်လှည့်စီ သွားလာနေ ထိုင်လေ၏။

၁၂၉၂–ခု၊ အမေဆင်နီး အသက် (၇၈) နှစ်အရွယ်တွင် မြင်းကွင်းမြို့ရှိ သားကြီးမောင်ညာဘွားနေအိမ်၌ မီးစာကုန်ဆီခန်း ကာ ဘဝနိဂုံးချုပ် ပွဲသိမ်းကာ ကွယ်လွန်သွားရှာလေတော့၏။

(သားလတ် မောင်သက်ထားမှာလည်း အမေဆင်နီး မကွယ်လွန်မီကပင် တောင်တွင်းကြီးမြို့၌ ကွယ်လွန်ခဲ့လေ၏)

ဤသည်ကား ကုန်းဘောင်ခေတ် နောက်ဆုံးနေ့ရက်များ ၏ နန်းတွင်းအီနှောင် ဇာတ်ကော်ကြီး၏ မြန်မာ့သမိုင်းဝင် ခေါင်း ဆောင် မင်းသမီးဘဝ၊ နိုင်ငံကျော် ပြည်သူ့အသည်းစွဲ၊ ပြည်သူ့ အချစ်တော်ဘဝမှသည် ခေါင်းရွက်ရောင်းသည်ဘဝသို့ ရောက်ရရှာ သော မြန်မာ့ဇာတ်သဘင် သုခုမပညာရှင် (ခေါ်) ဆင်နီးမလေး ဘဝဖြစ်စဉ်ပင် ဖြစ်လေတော့သတည်း။

ဒေါ်အုန်းကြည်သား
၂၀၁၁၊ ဧပြီလ (၆) ရက်

## ကျမ်းကိုးစာရင်း

၁။ ၂၀၁၁–ခုနှစ် မေလထုတ် သရပါမဂ္ဂဇင်းမှ ဆရာတင့်နိုင်တိုး၏ "ကင်းဝန်မင်းကြီး ဦးကောင်း" ဆောင်းပါးမှ

၂။ ခန်းပတ်မင်းကြီး မြန်မာ့စွယ်စုံကျမ်းမှ

၃။ ဆရာချို မြန်မာ့စွယ်စုံကျမ်းမှ

၄။ ၂၀၁၁ နိုဝင်ဘာလ အမှတ် (၂၈) မော်နီတာဂျာနယ်မှ ဆရာစောသူရိန်ထွန်း၏ သီပေါမင်းဆောင်းပါး

၅။ ဇေတုဗ္ဗသမီးတော် ၇–၃–၁၉၃၆ ဒီးဒုတ်သတင်းစာမှ

၆။ ဆင်ခိုးမလေး ၁၉၇၀ မြဝတီမဂ္ဂဇင်း

၇။ မြန်မာ့ကျွန်းရွှေဝါ
ဆရာဦးဝင်းမောင် (တမ္ပဝတီ)